# မြန်မာ့ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူတွေအနေနဲ့ ပြည်သူ့ဆေးရုံတွေမှာ တက်ရောက်ကုသမှုခံယူတဲ့အခါ စိတ်ချမ်းသာရေး၊ လူနာဘေးကင်းလုံခြုံစိတ်ချရေးနဲ့ အရည်အသွေးပြည့်ဝတဲ့ ကုသစောင့်ရှောက်မှုများပေးအပ်နိုင်ရေး လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

## (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ဂုဏ်ပြုဗီဒီယိုမိန့်ခွန်း

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

**ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံတွေကနေ ပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်တွေဟာ နိုင်ငံအတွက် ခေတ်နဲ့အညီ သင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာမူဝါဒတွေ ချမှတ်နိုင်ဖို့ ကျန်းမာရေးလုပ်ငန်းတွေ ပိုမိုထိရောက် အကျိုးရှိအောင် ဆောင်ရွက်နိုင်စေဖို့၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့ စတဲ့လုပ်ငန်းစဉ်ကြီးတွေ ဖော်ဆောင်ရာမှာ များစွာ အထောက်အကူဖြစ်စေမှာဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

အားလုံးမင်္ဂလာပါ။

ဒီနေ့ကျင်းပပြုလုပ်တဲ့ **“(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ”**ကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ကျင်းပလာခဲ့တာ ယခုအခါ (၅၃)ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

၁၉၆၅ ခုနှစ်မှာ ပထမအကြိမ်ညီလာခံကို စတင်ကျင်းပနိုင်ခဲ့ပါတယ်။ ညီလာခံ စတင်ကျင်းပခဲ့တဲ့နှစ်တွေမှာ သုတေသနစာတမ်းတွေကိုသာ တင်သွင်းဖတ်ကြားနိုင်ခဲ့ရာက ၁၉၉၁ ခုနှစ်မှာ ပြုလုပ်တဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကစပြီး သုတေသနပိုစတာပြပွဲကို ထည့်သွင်းနိုင်ခဲ့တာ တွေ့ရပါတယ်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**

**ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးမည်**


စာမျက်နှာ » ၇


**မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ အသစ်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်**


စာမျက်နှာ » ၉




**ရုပ်ကြွင်းလောင်စာများကို လျှော့ချနိုင်မည့်**

EV လျှပ်စစ်ကား


ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# ပညာကွက်လပ်မပြတ်စေရေး ကျောင်းပြင်ပပညာရေးမြှင့်တင်

ပညာသည် လူတိုင်းလူတိုင်း၏ဘဝ၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် အထောက်အပံ့ကောင်းဖြစ်သည်။ ပညာပတ်ဝန်းကျင်ကောင်းများကို ပိုင်ဆိုင်ထားသည့်နိုင်ငံသည် လူမှုစီးပွားဘဝမြင့်မားရေးကိုသာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည်။ ပညာပတ်ဝန်းကျင်အားနည်းသောနိုင်ငံများတွင် လူမှုစီးပွားဘဝနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်က ကောက်ယူခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် ကျောင်းပြင်ပရောက်ကလေး ၂ ဒသမ ၇ သန်းခန့်ရှိသည်ဟု သိရသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီးပိုင်းအရွယ် စာမတတ်သူ ၄ ဒသမ ၁ သန်းခန့်ရှိကြောင်း သိရသည်။ သို့ဆိုပါလျှင် ကျောင်းပြင်ပရောက် ပညာမသင်ကြားနိုင်သူ နိုင်ငံသူ နိုင်ငံသား ၆ ဒသမ ၈ သန်းခန့်ရှိနေသည်ကို တွေ့ရမည်။ မြန်မာနိုင်ငံရှိ လူဦးရေ သန်း ၅၀ ကျော်တွင် ပညာရေးနှင့်ကင်းကွာနေသူ ခုနစ်ပုံတွင် တစ်ပုံခန့်ရှိနေသည်။

ထိုမျှများပြားသောပမာဏအတွက် စိတ်မကောင်းဖြစ်မိသည်။ ၎င်းတို့၏ အနာဂတ်မျှော်လင့်ချက်အတွက် ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ပညာမတတ်သဖြင့် နိမ့်ကျနေသောဘဝများမှ လွတ်မြောက်အောင် အားပေးမြှင့်တင်ရမည်ဖြစ်သည်။ ထုတ်ပြန်ခဲ့သော သန်းခေါင်စာရင်းအရ စာမတတ်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်ရွာဒေသအတွင်း ကျောင်းမနေခဲ့ရသူများနှင့် မူလတန်းပညာအဆင့် မသင်ကြားခဲ့ရသူများ၊ တစ်နည်းအားဖြင့် စာမတတ်သူများနှင့် အရေးအဖတ်အတွက်အချက်မသိနားမလည်သူများကို နိုင်ငံတော်၏အစီအစဉ်ဖြင့် သင်ကြားပေးပြီး ၎င်းတို့ဘဝများကို မြှင့်တင်ပေးကြရမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၈ (က)တွင် နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဆိုသည့်အချက် ပြဋ္ဌာန်းထားသည်။ အမျိုးသားပညာရေးဥပဒေ အခန်း(၅)၊ အမျိုးသားပညာရေးစနစ် ပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် အမျိုးသားပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် ပညာသင်ယူနည်းများဖြစ်သော (က) ကျောင်းပညာရေး၊ (ခ) ကျောင်းပြင်ပပညာရေး၊ (ဂ) ကိုယ်တိုင်သင်ယူပညာရေးတို့ကိုကျင့်သုံး၍ ယင်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ အဆိုပါအစီအစဉ်များဖြင့် ယခုအခါ ပညာရေးကွက်လပ်ကို ဖြည့်ဆည်းပေးနေပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ကျေးလက်ဒေသအစွန်အဖျားနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အလေးထားဆောင်ရွက်သွားရန်" အခါအားလျော်စွာ မကြာခဏ မှာကြားချက်များအရ ပညာမသင်ကြားရသည့် မြို့ရွာနေပြည်သူများသာမက ကျေးလက်ဒေသ အစွန်အဖျားဒေသများမှ ပြည်သူများကိုပါ လက်လှမ်းမီသည့် ပညာသင်ကြားရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားခဲ့သူများတွင် အချို့ပညာသင်ချင်သော်လည်း ပညာသင်နိုင်ရန် အခွင့်အရေးမရှိခြင်း၊ မိဘများက အားမပေးဘဲ လုပ်ငန်းခွင်သို့စေလွှတ်ခဲ့ခြင်း၊ အချို့လည်း ပညာသင်ကြားလိုစိတ်မရှိခြင်းစသည့် အကြောင်းအမျိုးမျိုးရှိရာ သက်ဆိုင်ရာနှင့် အုပ်ထိန်းသူများအနေဖြင့် ၎င်းတို့ဘဝနောင်ရေးအတွက် ပညာသင်ကြားလိုစိတ်ရှိအောင် စည်းရုံးလှုံ့ဆော် အားပေးကူညီကြရမည်ဖြစ်သည်။ ယခုအခါ ပညာသင်သည်ဖြစ်စေ၊ မသင်သည်ဖြစ်စေ လူတိုင်းလူတိုင်းအနေဖြင့် လက်ကိုင်ဖုန်းအများစုရှိကြသည်။ သက်ဆိုင်ရာတို့က ပညာသင်ကြားပေးနိုင်ရန်အတွက် အခြေအနေမရှိသော ဝေးလံသည့်ဒေသ၊ မည်သည့်ဒေသသို့ ရောက်ရှိနေသည်ဖြစ်စေ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုအစီအစဉ်ဖြင့် ၎င်းတို့၏ လက်ကိုင်ဖုန်းနှင့် အခြေခံစာတတ်မြောက်ရေးအစီအစဉ် ဆောင်ရွက်ပေးနိုင်ခဲ့သည့် သတင်းကောင်းကို ကြားသိရသည်။

ယခုအခါ အဆိုပါပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးနေသည့် ကလေးသူငယ် အရွယ်ရောက်သူ နိုင်ငံသား ခုနစ်သန်းနီးပါးအပြင် ပြည်တွင်းနေရာဒေသအချို့၌ လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးသူငယ် ငါးသန်းကျော် ပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးနေသည်ဟု သိရသည်။

သို့ဖြစ်ရာ ပညာသည် အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးတို့ကို ဝေဖန်ခွဲခြားပိုင်းခြားနိုင်သည့် အသိဉာဏ်ပညာကိုရရှိစေပြီး နိုင်ငံသားတိုင်း အသိဉာဏ်ပညာပြည့်စုံကြမှသာ နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်မည့် စွမ်းအားထက်မြက်သော အင်အားစုကြီးကို ထုထောင်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံသူနိုင်ငံသားများ အသိဉာဏ်ပညာပေါများကြွယ်ဝစေရေးတွင် ကွက်လပ်ဖြစ်နေသော ပညာသင်ကြားမှုအခွင့်အလမ်းဆုံးရှုံးနေသူများအား ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးနိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးနှင့် ဒေါက်တာကိုကိုနိုင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ရာဇဝတ်အထူးအယူခံမှု အမှတ် ၁၄/၂၀၂၄ (ရှမ်း) နှင့် တရားမအထူးအယူခံမှုအမှတ် ၇၀/၂၀၂၄ (မန္တလေး)၊ ၇၃/၂၀၂၄ (မွန်)၊ ၇၄/၂၀၂၄ (စစ်ကိုင်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှုသုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၅၈/၂၀၂၄ (ရန်ကုန်)၊ ၅၉/၂၀၂၄(ရန်ကုန်)၊ ၆၀/၂၀၂၄(ရန်ကုန်)၊ ၆၁/၂၀၂၄(ရန်ကုန်)၊ ၇၅/၂၀၂၄(ရန်ကုန်)၊ ၇၇/၂၀၂၄(ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀- ၁ -၂၀၂၅ ရက်နေ့ ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၁၀၀၀၀** ဖြစ်သည်။

**ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၂၀

ယနေ့ညနေ ၅ နာရီ ၅၀ မိနစ် ၃၉ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၇၀၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၇ ဒသမ ၆၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒသမ ၅၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၁၀၀ | ၈၈၅ | ၇,၀၉၃,၅၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၂၀၉ | ၆၆၃,၄၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၄,၂၇၈ | ၈,၁၂၈,၂၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၁၇၀ | ၅၄၄,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၁၃၁ | ၁,၈၉၇,၇၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၅၃၉ | ၂,၁၅၆,၀၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၂,၂၀၃ | ၇,၁၅၉,၇၅၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက် )

# သုတေသနတွေကတွေ့ရှိရတဲ့ အချက်အလက်များကိုလည်း ယခုလို ညီလာခံများကျင်းပခြင်း၊ သုတေသနဂျာနယ်များ၊ စာစောင်များထုတ်ဝေခြင်း စတဲ့ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ သတိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေး

☆ **ရှေ့ဖုံးမှ**

၂၀၀၂ ခုနှစ် ညီလာခံကစတင်ပြီး ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ဆွေးနွေးပွဲတွေကိုပါ ထည့်သွင်းပြီး ပိုမိုအကျိုးရှိထိရောက်အောင် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့ကြောင်း သိရှိရပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွေကနေ ပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်တွေဟာ နိုင်ငံအတွက် ခေတ်နဲ့အညီသင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာ မူဝါဒတွေချမှတ်နိုင်ဖို့ ကျန်းမာရေးလုပ်ငန်းတွေ ပိုမိုထိရောက်အကျိုးရှိအောင် ဆောင်ရွက်နိုင်စေဖို့၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့ စတဲ့လုပ်ငန်းစဉ်ကြီးတွေ ဖော်ဆောင်ရာမှာ များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ယခု (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ဆောင်ပုဒ် (Congress Theme)က **“ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ စဉ်ဆက်မပြတ် ဖော်ထုတ်ဖြေရှင်းကြပါစို့ – Moving forward to a healthy lifestyle and addressing health risk behaviors”** ဖြစ်တယ်လို့ သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ မကူးစက်တတ်တဲ့ ရောဂါတွေရဲ့ အရေးကြီးလာပုံကို မီးမောင်းထိုးပြနိုင်ဖို့ ရည်ရွယ်ပြီး ညီလာခံဆောင်ပုဒ်ကို ရွေးချယ်ခဲ့တာလို့လည်း သိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အခြားဝန်ကြီးဌာနအသီးသီးနဲ့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ချိန်မှာ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခုအချိန်မှာ ထပ်မံဦးမော့လာနိုင်တဲ့ မကူးစက်တတ်တဲ့ရောဂါတွေကို ထိန်းချုပ်နိုင်ဖို့ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနနဲ့ ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံရှိမကူးစက်တတ်တဲ့ရောဂါတွေရဲ့ ဖြစ်ပွားနိုင်ခြေကို **“စစ်တမ်းကောက်လေ့လာခြင်းသုတေသန – ၂၀၂၄”** ကို **(STEP SURVEY)** နဲ့ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

အထူးသဖြင့် မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်အောင် နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ပြီး အသိပညာပေးရမှာဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာနဲ့ပတ်သက်ပြီးတော့လည်း လက်တွေ့အသုံးချ သုတေသနတွေကတစ်ဆင့် ပြည်သူတွေ လက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့

**○ ကျွန်တော်တို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ၊ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ဒီလိုမျိုး ကျင့်ဝတ်နဲ့အညီ သုတေသနပြုလိုစိတ်ရှိတဲ့ပုဂ္ဂိုလ်တွေ မိမိတို့နိုင်ငံမှာ များစွာပေါ်ပေါက်လာပြီး သုတေသနဆိုင်ရာယဉ်ကျေးမှုတစ်ရပ်တစ်ခု တိုးတက်ဖြစ်ထွန်းရှင်သန်လာစေဖို့ ဆောင်ရွက်ရာမှာ သုတေသနဆိုင်ရာ အကြံပေးအဖွဲ့များကိုလည်း စနစ်တကျပြန်လည်ဖွဲ့စည်းခြင်း၊ သုတေသနကျင့်ဝတ်ဆိုင်ရာ ဘုတ်အဖွဲ့များကိုလည်း လိုအပ်သလို တိုးမြှင့်ဖွဲ့စည်းခြင်းတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်**

နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်တွေ နိုင်ငံတကာကိုထိုးဖောက်နိုင်ဖို့အတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့ အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိကျမှန်ကန်တဲ့ သုတေသနရလဒ်တွေအပေါ်မူတည်ပြီး ကျန်းမာရေးစီမံချက်တွေကို ချမှတ်ဆုံးဖြတ်ရခြင်းနဲ့ ရလဒ်အခြေပြု မူဝါဒများရေးဆွဲခြင်းတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် သုတေသနတွေကိုဆောင်ရွက်နေကြတဲ့ သုတေသီများ ကိုယ်တိုင်ကလည်း မိမိတို့ရဲ့သုတေသနရလဒ်တွေရဲ့ အရေးပါပုံကို သေချာစွာသိရှိနားလည်ပြီး သုတေသနကျင့်ဝတ်တွေကို တိကျစွာလိုက်နာဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာလည်း အမြဲမပြတ်သတိပြုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ၊ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုး ကျင့်ဝတ်နဲ့အညီ သုတေသနပြုလိုစိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ မိမိတို့နိုင်ငံမှာ များစွာပေါ်ပေါက်လာပြီး သုတေသနဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်တစ်ခု တိုးတက်ဖြစ်ထွန်းရှင်သန်လာစေဖို့ ဆောင်ရွက်ရာမှာ သုတေသနဆိုင်ရာ အကြံပေးအဖွဲ့များကိုလည်း စနစ်တကျပြန်လည်ဖွဲ့စည်းခြင်း၊ သုတေသနကျင့်ဝတ်ဆိုင်ရာ ဘုတ်အဖွဲ့များကိုလည်း လိုအပ်သလို တိုးမြှင့်ဖွဲ့စည်းခြင်းတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယခုညီလာခံကြီးကိုပေးပို့လာတဲ့ သုတေသနစာတမ်းတွေကို ညီလာခံမှာ တင်သွင်းဖတ်ကြားနိုင်ဖို့ စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနဲ့ ကျန်းမာရေးစနစ်သုတေသနစာတမ်းဆိုပြီး စနစ်တကျ အမျိုးအစားခွဲခြားသတ်မှတ်စိစစ်ရွေးချယ် ဆောင်ရွက်ထားကြောင်းနဲ့ သုတေသနစာတမ်း ၅၄ စောင်နဲ့ ပိုစတာ ၄၃ စောင်ကို ဖတ်ကြားပြသဖို့ စီစဉ်ဆောင်ရွက်ထားတာကို သိရှိရပါတယ်။

ဒီညီလာခံကိုတင်သွင်းလာတဲ့ စာတမ်းနဲ့ ပိုစတာတွေထဲက အကောင်းဆုံးစာတမ်းနဲ့ ပိုစတာတွေကို ဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်အမှတ်ပေးရွေးချယ်ပြီး ဆုများထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်ဂုဏ်ပြုဖို့ အစီအစဉ်များရှိကြောင်း သိရှိရပါတယ်။

**နိဂုံးချုပ်အနေနဲ့-**

- ကျန်းမာရေးသုတေသနလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ပြည်သူ့အကျိုးကိုရှေးရှုပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး၊ အခြေခံကျန်းမာရေးကောင်းမွန်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်စွာနေထိုင်စားသောက်ရေး၊ ကူးစက်ရောဂါများနဲ့ မကူးစက်တတ်တဲ့ရောဂါများရဲ့ ဖြစ်ပွားတတ်တဲ့ သဘောသဘာဝကိုသိရှိပြီး ကြိုတင်ကာကွယ်ကြနိုင်ရေးတို့အတွက် လက်တွေ့အသုံးချ သုတေသနများ၊ တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနများ၊ နိုင်ငံတကာနဲ့ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားကြပါ။
- သုတေသနတွေကတွေ့ရှိရတဲ့ အချက်အလက်များကိုလည်း ယခုလို ညီလာခံများကျင်းပခြင်း၊ သုတေသနဂျာနယ်များ၊ စာစောင်များထုတ်ဝေခြင်း စတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ သတိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြပါ။
- အလားတူ ပြည်သူတွေအနေနဲ့ ပြည်သူ့ဆေးရုံတွေမှာ တက်ရောက်ကုသမှုခံယူတဲ့အခါမှာ စိတ်ချမ်းသာရေး၊ လူနာဘေးကင်းလုံခြုံစိတ်ချရေးနဲ့ အရည်အသွေးပြည့်ဝတဲ့ ကုသစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာနဲ့ ဆေးရုံစီမံအုပ်ချုပ်မှုဆိုင်ရာ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးကြပါ။
- ကျန်းမာရေးသုတေသနလုပ်ငန်းတွေက တစ်ဆင့် မိမိတို့နိုင်ငံနဲ့သင့်တော်မယ့် ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရေး၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အားလုံးကိုယ်စီရရှိနိုင်ရေးနဲ့ မိမိတို့နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးအတွက် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၆ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

**နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးခင်မောင်လတ်အား နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၀**

"(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅) ရှိ ဆေးသုတေသန ဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဂုဏ်ပြုမိန့်ခွန်းအား ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းကညီလာခံသို့ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှပါမောက္ခများ၊ ပြည်တွင်းပြည်ပမှ သုတေသီပညာရှင်များ၏ အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသန (Social Sciences/ Health System Research) ဆိုင်ရာ သုတေသနစာတမ်းများကို တင်သွင်းဖတ်ကြားပြသကြမည်ဖြစ်သဖြင့် မျက်မှောက်ခေတ်ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများအတွက် အဖြေရှာနိုင်မည့် အလွန်တန်ဖိုးရှိသော သုတေသနတွေ့ရှိချက်များကို တင်ပြကြမည်ဟု ယုံကြည်ပါကြောင်း။

ညီလာခံရက်များအတွင်း ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများဖြစ်သည့် "မြန်မာ-ကိုရီးယား ပူးတွဲ၍ တီဘီရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် ငှက်ဖျားရောဂါသုတေသနဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၅)" – " Myanmar-Korea Joint Symposium (2025)"၊ "ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန် ဆောင်ရွက်ခြင်း"– "Promoting a Healthy Lifestyle and Addressing Health Risk Behaviors"၊ "သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများ၏ ဗိုင်းရပ်စ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှု ဆိုင်ရာများကို မီးမောင်းထိုးပြခြင်း"– "Virological and Immunological Highlights of Dengue, Chikun-gunya and Zika Virus Infec-tions in Myanmar"၊ "ဉာဏ်ရည်တုနည်းပညာ (Artificial Intelli-gence) ကို ဆေးပညာတွင် အသုံးပြု၍ ကျန်းမာရေးမျိုးဆက်သစ်များကို ပုံဖော်မွေးထုတ်နိုင်ရန် ဆောင်ရွက်နေမှု" – "Artificial Intelligence: Shaping the Next Generation of Health Pro-fessionals" နှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲတစ်ခုတို့ကိုပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများဖြင့် ကျင်းပသွားမည်ဖြစ်သည်ဟု သိရှိရကြောင်း။

ထို့အပြင် ကိုရီးယားနှင့် မြန်မာသုတေသီများ၏ ညီလာခံအကြိုလှုပ်ရှားမှု (Pre-conference activity)တွင် တီဘီဆေးအသစ်ယဉ်ပါးမှုဆိုင်ရာ ဓာတ်ခွဲလုပ်ငန်းများ၊ မျိုးဗီဇတစ်ခုလုံးကို လေ့လာခြင်း (Whole genome sequen-cing) ဆိုင်ရာ စာတွေ့၊ လက်တွေ့လုပ်ဆောင်မှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံမှသုတေသီများ၊ ဓာတ်ခွဲပညာရှင်များ၊ ဓာတ်ခွဲကျွမ်းကျင်များအနေဖြင့် နည်းပညာကျွမ်းကျင်မှုများတိုးတက်ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ သုတေသနစာတမ်းရှင်များသည် သုတေသနတွေ့ရှိချက်များကို ညီလာခံသို့ စာတမ်းတင်သွင်းရုံမျှမကဘဲ ပြည်တွင်း၊ ပြည်ပ သုတေသနဂျာနယ်များတွင် ဖော်ပြနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းနှင့် သုတေသန ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ အေးအေးခင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေး ဝန်ကြီးဌာနလက်အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးသုတေသနပညာရှင်များ၊ စာတမ်းဖတ်ကြားမည့် အဓိကသုတေသီများနှင့် ပြည်ပပညာရှင်များသည် သုတေသနပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

ညီလာခံသို့ တင်သွင်းလာသည့် စာတမ်းများမှ အကောင်းဆုံး အခြေခံ သုတေသန (Basic Research) စာတမ်းဆုများ၊ အကောင်းဆုံး လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ အကောင်းဆုံး ကျန်းမာရေးစနစ် သုတေသန (Health Systems Research) စာတမ်းဆုများ၊ အကောင်းဆုံး ပိုစတာစာတမ်းဆုများနှင့် လူငယ်သုတေသီဆုများကို စာတမ်းဆုရွေးချယ်ရေး ဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားရန် စီစဉ်ထားကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ သုတေသနပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုစဉ်။

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်းမကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**







တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေပြပုံ။

တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် KK Park နယ်မြေပြပုံ။

■ ကျောဖုံးမှ

ထို့အပြင် ၎င်းဒေသများ၌ **အွန်လိုင်းလိမ်လည်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားနှင့် အင်တာနက်လိုင်းအဆက်အသွယ်ကို မြန်မာနိုင်ငံအတွင်းမှရရှိခြင်း မဟုတ်ဘဲ တစ်ဖက်နိုင်ငံမှတစ်ဆင့် ရယူနေခြင်းဖြစ်ကြောင်းနှင့် အခြေခံအဆောက်အအုံများနှင့် ရင်းနှီးမြှုပ်နှံမှု အများစုသည်လည်း ပြည်ပ အဖွဲ့အစည်းများမှ လာရောက်ရင်းနှီးမြှုပ်နှံထားခြင်း ဖြစ်ကြောင်းကို** တွေ့ရှိရသည်။ အဆိုပါ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ လုပ်ဆောင် နေကြသူများသည် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများကို ၂၀၁၅ ခုနှစ်ခန့်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ တို့တွင် လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၉ ခုနှစ် နောက်ပိုင်း၌ မြန်မာနိုင်ငံသို့ ရောက်ရှိလုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

၎င်းဒေသ ထိုင်း-မြန်မာ (မဲဆောက်-မြဝတီ) နှစ်နိုင်ငံ နယ်စပ်၌ ပျောက်ဆုံးသွားခဲ့သည့် တရုတ်နိုင်ငံသား Mr. Wang Xing (ရုပ်ရှင်သရုပ်ဆောင်)ကို ၎င်းနှင့် ဆက်စပ်သည့် အဖွဲ့အစည်းများက အချင်းချင်းချိတ်ဆက်၍ ထိုင်းနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် သတင်းကိုလည်း သတင်းမီဒီယာများ၌ ဖော်ပြခဲ့ကြသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စိစစ်ချက်များအရ Mr. Wang Xing ကို ထိုင်းနိုင်ငံအခြေစိုက် အနုပညာကုမ္ပဏီတစ်ခုဖြစ်သော GMM Grammy ၏ WeChat Account မှတစ်ဆင့် တရုတ်နိုင်ငံသားတစ်ဦးက ဆက်သွယ်လာပြီး ထိုင်းနိုင်ငံ၌ သရုပ်ဆောင်အဖြစ် လာရောက်လုပ်ကိုင်ရန် စည်းရုံးခဲ့သဖြင့် ဇန်နဝါရီ ၃ ရက်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ



အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်ရန် အဓမ္မစေခိုင်းခြင်းခံခဲ့ရသည့် တရုတ်နိုင်ငံသား Mr. Wang Xing (ရုပ်ရှင်သရုပ်ဆောင်)ကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။

အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ဗန်ကောက်မြို့မှ တာ့ခ်ပြည်နယ်၊ မဲဆောက်မြို့ မဲ့ကွန်းကန်ရွာအနီးရှိ သောင်ရင်းမြစ်ကမ်း(ထိုင်းနိုင်ငံဘက်ခြမ်း)သို့ ရောက်ရှိပြီးနောက် လှေဖြင့် မြန်မာနိုင်ငံဘက်ခြမ်း၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေသို့ ခေါ်ဆောင်ခြင်းခံခဲ့ရကြောင်း။

ထို့နောက် အဆောက်အအုံတစ်ခုသို့ ပို့ဆောင်ခြင်းခံခဲ့ရပြီး ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်စေရန် ဦးစွာလေ့ကျင့်ပေးခဲ့ကြောင်းနှင့် ယင်းအဆောက်အအုံ၌ တရုတ်နိုင်ငံသား ၁၀ ဦးခန့် တွေ့ရှိခဲ့ကြောင်း၊ ယင်းနောက် ဒုတိယ အဆောက်အအုံ တစ်ခုသို့ ဆက်လက်ရောက်ရှိခဲ့ပြီး ခေါင်းတုံးတုံးပေးခဲ့ကြောင်းနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်ရန် စေခိုင်းခြင်းခံခဲ့ရကြောင်း၊ အဆိုပါနေရာသည် အွန်လိုင်းလောင်းကစားလိမ်လည်သည့် နေရာဖြစ်ပြီး အဆောက်အအုံအတွင်း တရုတ်နိုင်ငံသား ၅၀ ခန့်ရှိကြောင်း၊ ယင်းနောက် မိသားစုနှင့် အဆက်အသွယ်ရရှိခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် **အဆိုပါ နယ်မြေအတွင်းရှိ ၎င်းနှင့် ပတ်သက်ခဲ့သည့် အဖွဲ့အစည်းများက တာ့ခ်ပြည်နယ် မဲဆောက်မြို့ ထဆောင်လွတ်မြို့နယ် အမှတ်(၇)ရပ်ကွက် ဝမ်သဒီရန်သိုင့်ကျေးရွာရှိ အမှတ်(၃၄) ဂိတ်မှတစ်ဆင့် ၎င်းတရားမဝင်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊** ယင်းနောက် ညပိုင်းတွင် ဗန်ကောက်မြို့ရှိ လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးဌာန (ဒွန်မောင်းဂေဟာ)သို့၊ ၁၀ ရက်နေ့တွင် တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အမှတ်(၅)ရပ်ကွက် ချစ်ကြည်ရေးလမ်း သံတံတားအနီးတွင် တရုတ်နိုင်ငံသား Mr. Cheng Xiao Ning ပါ သုံးဦးအား တွေ့ရှိခဲ့သဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းတို့သည် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ချိတ်ဆက်မှုအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်ခြမ်းသို့ တရားမဝင် ဝင်ရောက်ခဲ့သူများဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းကို လုပ်ကိုင်နေကြရသူများဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် လစာရရှိခြင်းမရှိသဖြင့် ထွက်ပြေးလာသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်း နတ်သျှင်နောင် မီးပွိုင့်အနီး၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား Mr. Yin Jie နှင့် Mr. Huang Xiang တို့ နှစ်ဦးအား တွေ့ရှိသဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းတို့သည် ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ပြုလုပ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိရန်၊ အင်တာနက်ဆက်သွယ်မှုရရှိရန်နှင့် တရားမဝင်လုပ်ငန်းအတွက် လက်နက်၊ ခဲယမ်းများနှင့် အဆောက်အအုံများရှိရန် အခြေခံလိုအပ်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူများ အနေဖြင့် ယင်းအခြေခံအချက်အလက်များကို တစ်ဖက်နိုင်ငံကို အခြေခံ၍ ရယူသုံးစွဲနေခြင်းသာဖြစ်သည်။ လုပ်ငန်း လုပ်ဆောင်နေသူများ အနေဖြင့်လည်း မြန်မာနိုင်ငံမှ မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေထိုင်၍ ရင်းနှီးလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများပင်ဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ပပျောက်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အနေဖြင့်လည်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အတူတကွဝိုင်းဝန်းတိုက်ဖျက် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။




မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

စာမျက်နှာ ၆ သို့ »»

»» စာမျက်နှာ ၅ မှ

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော နယ်စပ်ဒေသများ၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသား အချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင်ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရသော်လည်း **နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့ကို တရားမဝင် ဝင်ရောက်လာသူများ ဖြစ်သော်လည်း လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးလျက်ရှိ**သည်။ တရားမဝင် ဝင်ရောက်နေထိုင်၍ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခဲ့ရာ နယ်စပ်ဒေသများဖြစ်သည့် လောက်ကိုင်၊ မူဆယ်၊ တာချီလိတ်၊ မြဝတီမြို့များအပါအဝင် အခြားနယ်စပ်ဒေသများမှ ဖော်ထုတ်ရရှိသည့် တရားမဝင် ဝင်ရောက်နေသူများကို သက်ဆိုင်ရာ နိုင်ငံအလိုက် ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်အထိ တရုတ်နိုင်ငံသို့ ၅၃၃၈၈ ဦး၊ ထိုင်းနိုင်ငံသို့ ၆၄၈ ဦး၊ ကိုရီးယားနိုင်ငံသို့ ၂၀ ဦး၊ လာအိုနိုင်ငံသို့ ၂၂ ဦး၊ ဗီယက်နမ်နိုင်ငံသို့ ၁၁၄၉ ဦး၊ ဖိလစ်ပိုင်နိုင်ငံသို့ ၁၉ ဦး၊ မလေးရှားနိုင်ငံသို့ ၁၄၂ ဦး၊ တရုတ်(တိုင်ပေ)သို့ ၂၁ ဦး၊ စင်ကာပူနိုင်ငံသို့ နှစ်ဦး၊ ပိုလန်နိုင်ငံသို့ တစ်ဦး၊ စပိန်နိုင်ငံသို့ တစ်ဦး၊ ရုရှားနိုင်ငံသို့ ၁၃ ဦး၊ အင်ဒိုနီးရှားနိုင်ငံသို့ ၃၈ ဦး၊ ယူဂန်ဒါနိုင်ငံသို့ သုံးဦး၊ အီဂျစ်နိုင်ငံသို့ နှစ်ဦး၊ ကမ္ဘောဒီးယားနိုင်ငံသို့ သုံးဦး၊ အိန္ဒိယနိုင်ငံသို့ ၉၆ ဦး၊ မော်ရိုကိုနိုင်ငံသို့ ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသို့ ၂၉ ဦး၊ နီပေါနိုင်ငံသို့ ၂၆ ဦး၊ ပါကစ္စတန်နိုင်ငံသို့ သုံးဦး၊ မြောက်အိုင်ယာလန်နိုင်ငံသို့ နှစ်ဦး၊ ကာဇက်စတန်နိုင်ငံသို့ တစ်ဦး၊ ကင်ညာနိုင်ငံသို့ နှစ်ဦး၊ သီရိလင်္ကာနိုင်ငံသို့ ၆၀ ဦး၊ တောင်အာဖရိကနိုင်ငံသို့ တစ်ဦး၊ တရုတ်-ဟောင်ကောင်သို့ တစ်ဦး၊ ဆီရီယာလီယွန်နိုင်ငံသို့ နှစ်ဦး၊ ဂါနာနိုင်ငံသို့ တစ်ဦး၊ ဘူရွန်ဒီနိုင်ငံသို့ တစ်ဦး၊ တာ့ခ်မင်နစ္စတန်နိုင်ငံသို့ တစ်ဦး စုစုပေါင်း ၅၅၇၁၁ ဦးအား ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း စိစစ်ဖော်ထုတ်မှုများကို ဆောင်ရွက်လျက်ရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား တွေ့ရစဉ်။

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ စိစစ်နိုင်ရန်၊ အမြန်ဆုံး တရားစွဲဆိုအရေးယူ ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်နိုင်ရန်အတွက် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်း ပေးနိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် အာရှ၊ ဥရောပ၊ တရုတ်နိုင်ငံနှင့် တောင်အာဖရိကဒေသရှိ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ၄၁၇၆ ဦး (အမျိုးသား ၃၄၁၅ ဦး၊ အမျိုးသမီး ၇၆၁ ဦး)ကို ကူညီစုံစမ်းရှာဖွေပေးရန် သံတမန်လမ်းကြောင်း၊ အင်တာပိုလ်ရဲ ဆက်သွယ်ရေးလမ်းကြောင်းနှင့် ရဲဆက်ဆံရေးလမ်းကြောင်းများမှတစ်ဆင့် အကြောင်းကြားသည့်စာများ လက်ခံရရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ အမျိုးသား ၉၅၈ ဦး၊ အမျိုးသမီး ၃၃၄ ဦး ပေါင်း ၁၂၉၂ ဦးကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သဖြင့် ၁၂၈၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းခဲ့ပြီးဖြစ်ကာ ဗီယက်နမ်ငါးဦး၊ ပါကစ္စတန် တစ်ဦး၊ တရုတ်နှစ်ဦး ပေါင်းရှစ်ဦးလွှဲရန် ကျန်ရှိကြောင်း၊ ကျန်ရှိသူ ၂၈၈၄ ဦးနှင့် ပတ်သက်၍ စဉ်ဆက်မပြတ်စုံစမ်းရှာဖွေလျက်ရှိပြီး ထူးခြားမှုရှိပါက သက်ဆိုင်ရာသံရုံးနှင့် နိုင်ငံများသို့ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးလျက်ရှိသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းပြီး မြန်မာနိုင်ငံ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိအွန်လိုင်း Scam Center များကို တားဆီးနှိမ်နင်းမှု နှစ်ကြိမ် ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ်ကို ၂၀၂၄ ခုနှစ် မတ် ၂၈ ရက်မှ ၃၁ ရက်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ ၂၆ ရက်အတွင်း ဆောင်ရွက်ခဲ့သည်။

အွန်လိုင်း လိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ပတ်သက်၍ လုပ်ဆောင်နေသူများသည် သာမန်လူများမဟုတ်ကြဘဲ သက်ဆိုင်ရာနိုင်ငံများ၌ ရာဇဝတ်မှုများဖြစ်ပြီး တိမ်းရှောင်ထွက်ပြေးနေရသည့်လောင်းကစားလုပ်နေကြသူများက ဦးဆောင်နေကြခြင်းပင်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ခဲ့မှုအရ **"တရုတ်များက မြန်မာများကို လိမ်ခြင်းမဟုတ်သကဲ့သို့ မြန်မာများက တရုတ်များကို လိမ်ခြင်းလည်း မဟုတ်ပါ၊ ရာဇဝတ်မှုကျူးလွန်ထားပြီး အပြစ်ရှိသည့် ပြည်ပြေးလူတစ်စုမှ မိမိတို့နှစ်နိုင်ငံလုံးကို လိမ်နေခြင်းပင်ဖြစ်သဖြင့် အပြစ်ရှိသူများကို ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ပြီး အကာအကွယ် ပေးသူများကိုလည်း အရေးယူရမည်ဖြစ်"** ပါသည်။

သို့ဖြစ်ပါ၍ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကျူးလွန်နေကြသူများသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် **တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များရှိသည့် ဒေသများကို ပစ်မှတ်ထား၍ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့ အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများနှင့် ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိ** ကြသဖြင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်လျက်ရှိသည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း ၎င်းအွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာသို့ ပေးပို့ခြင်းဖြင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းတိုက်ဖျက်သွားကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

**"အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကျူးလွန်နေကြသူများသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များရှိသည့် ဒေသများကို ပစ်မှတ်ထား၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့ အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများနှင့်ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိကြသဖြင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်လျက်ရှိ"**

# ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးမည်

**နေပြည်တော်  ဇန်နဝါရီ  ၂၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင် ပါဝင်သည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းကောက်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၇-၁-၂၀၂၅ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ထည့်သွင်းမှာကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ) တွင် "သဘာဝဘေး အန္တရာယ်"ဆိုသည့်စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုထားမှုအရ "အကြမ်းဖက်ခြင်း၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်း" တို့သည် သဘာဝဘေးအန္တရာယ်တွင် ပါဝင်သောကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများကို ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများ(တိုက်ပွဲရှောင်ပြည်သူများ) ဆိုရာတွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက မြို့၊ ရွာများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ကာ တရားမဲ့နယ်မြေကျူးကျော်လာမှုများကြောင့် ယာယီနေရပ်စွန့်ခွာရသူများအပြင် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများ၏ အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် လုံခြုံရေးအန္တရာယ်စိုးရိမ်ရသဖြင့် ခေတ္တနေရပ်စွန့်ခွာလာရသူများလည်းပါဝင်ကြောင်း သိရသည်။

ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများကို လိုအပ်သည့် ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စာရင်းကောက်ယူလျက်ရှိရာ ဘုန်းကြီးကျောင်းကဲ့သို့သော ယာယီခိုလှုံရာစခန်းများတွင် ရောက်ရှိခိုလှုံနေကြရသူများအပြင် ဆွေမျိုးသားချင်းများရှိရာ ရပ်ကွက်၊ ကျေးရွာများ၊ ဝန်ထမ်းအိမ်ရာများတွင်နေထိုင်ခြင်း၊ မိမိအစီအစဉ်ဖြင့် နေအိမ်ခန်းများငှားရမ်းနေထိုင်ခြင်း၊ အခြားနည်းဖြင့် နေထိုင်ခြင်းများရှိရာ ထိုသို့နေထိုင်သူများအားလုံးသည်လည်း စာရင်းကောက်ယူရာတွင် အကျုံးဝင်ကြောင်း သိရသည်။ သို့ပါ၍ ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့မှုများကို လျာထားဆောင်ရွက်နိုင်ရေး အကျုံးဝင်သူအားလုံးပါဝင်အောင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက စာရင်းကောက်ယူကြရန်နှင့် အကျုံးဝင်သူအားလုံးကလည်း စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား Exploring Myanmar Culture & Tourism Organization ၏ အမှုဆောင်ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

**နေပြည်တော်  ဇန်နဝါရီ  ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား Exploring Myanmar Culture & Tourism Organization ၏ အမှုဆောင်ဥက္ကဋ္ဌ Mr. David Liu သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

တွေ့ဆုံစဉ် နှစ်ဖက်သတင်းမီဒီယာ ကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရအချင်းချင်းသာမက ပြည်သူအချင်းချင်းပါ ချစ်ကြည်ရင်းနှီးရေးအတွက် မီဒီယာမှတစ်ဆင့် ဖော်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်၊ သတင်းမှန်များကို တရုတ်နိုင်ငံပြည်သူများ သိရှိအောင် မီဒီယာပလက်ဖောင်းမျိုးစုံမှ ဖော်ပြနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။



ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံတို့အကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်ဗဟို အသံနှင့် ရုပ်မြင်သံကြားဌာန China Media Group (CMG)တို့သည် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာန (GXRTV) တို့သည် လည်းကောင်း၊ Yunnan International Channel ၏ အွန်လိုင်းရုပ်မြင်သံကြားထုတ်လွှင့်မှု Platform ဖြစ်သည့် Yunnan Media Group မှ တည်ဆောက်ထားသော Mekong Look App တွင် ပူးပေါင်းဆောင်ရွက်ရေးမူဘောင် (Mekong Look App Cooperation Framework) ကို လည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် ဆင်ဟွာသတင်းအေဂျင်စီနှင့် လည်းကောင်း၊ MYANSAT DTH အမည်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်သည့် Borderless Broadcast Co.,Ltd. နှင့် DTH စနစ်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်ရန်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး Borderless Broadcast Co.,Ltd. သည် China Rocket ကုမ္ပဏီလီမိတက်၊ Laosat ကုမ္ပဏီနှင့် ပူးပေါင်း၍ Laosat 1 Satellite ကို အသုံးပြုကာ China Aerospace Science and Technology Corporation (CASC) ၏ Multi Village Plan၊ Sky Star Class Room Plan တို့ဖြင့် မြန်မာနိုင်ငံ နယ်စပ်ဒေသအထိ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာအသိပညာ၊ လူငယ်များအတွက် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရန်၊ နှစ်နှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၄၂ ရွာမှ ကျေးရွာပေါင်း ၁၀၀ အထိ MYANSAT DTH စက်ပစ္စည်းများအပြင် TV နှင့် Solar စနစ် Battery များကို အဆင့်လိုက်တိုးချဲ့လှူဒါန်းနိုင်ရန် China AID အကူအညီရယူပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စာတမ်းဖတ်ပွဲများ ကျင်းပ

## ဆေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Centre တို့အကြား Letter of Intent လက်မှတ်ရေးထိုး

**ရန်ကုန်  ဇန်နဝါရီ  ၂၀**

ကျန်းမာရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၌ ဇန်နဝါရီ ၂၀ ရက် မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိသည်။

**မေးမြန်းဆွေးနွေး**

ညီလာခံပထမနေ့တွင် ပုံမှန်ကိုယ်အလေးချိန် ရှိသော်လည်း အသက်လတ်ပိုင်း (၄၀-၆၀နှစ်အတွင်းရှိ) အဆီများနေသောသူများကို တွေ့ရှိရမှုနှင့် ယင်းတို့နှင့် ဆက်စပ်နေသော နှလုံးသွေးကြောဆိုင်ရာ အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်နှစ်ခုတွင် လေ့လာခြင်း သုတေသနစာတမ်း၊ မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူများတွင် ကိုယ်လက်ကြွံ့ခိုင်မှုအား လေ့လာခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သော တစ်ကြိမ်လေ့လာမှု သုတေသနတွင် တွေ့ရှိခဲ့သော ကာယကြံ့ခိုင်မှု ပျံ့နှံ့မှု သုတေသနစာတမ်း၊ သက်ကြီးရွယ်အိုလူနာများ၏ အာဟာရအခြေအနေနှင့် အားအင်ချည့်နဲ့ခြင်းတို့၏ ဆက်စပ်မှုကိုလေ့လာခြင်း သုတေသနစာတမ်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ သွေးဆိပ်သင့်လူနာများတွင် တွေ့ရှိသည့် ပြင်းထန်သော Escherichia coli မျိုးကွဲများကို ဉာဏ်ရည်တု နည်းပညာသုံး ဇီဝသတင်းအချက်အလက် တွက်ချက်နည်းများဖြင့် မျိုးဗီဇတစ်ခုလုံးကို လေ့လာခြင်း သုတေသနစာတမ်း၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး သွေးကင်ဆာလူနာများ၏ ခန့်မှန်းဆယ်နှစ်တာ အသက်ရှင်မှု သုတေသနစာတမ်းများကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Centre တို့အကြားဆောင်ရွက်မည့် Letter of Intent ကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာအေးအေးခင်နှင့် ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Center, Chairman of the Board, Dr. Sundae Song တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မြန်မာ-ကိုရီးယား ပူးတွဲနှီးနှောဖလှယ်ပွဲ(၂၀၂၅)ကို "ဆေးယဉ်ပါး တီဘီရောဂါ၊ အသည်းရောင်အသားဝါဘီနှင့် ငှက်ဖျားရောဂါတို့ကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် ရောဂါရှာဖွေရေးနှင့် ကုသရေးနည်းလမ်းသစ်များဆီသို့" ခေါင်းစဉ်ဖြင့် ကျင်းပသည်။




အဆိုပါ နှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ ကူးစက်ရောဂါများ ထိန်းချုပ်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် ခြုံငုံသုံးသပ်ချက်၊ ဆေးယဉ်ပါးတီဘီနှင့် ပြင်းထန်ဆေးယဉ်ပါးတီဘီ (MDR နှင့် Pre-XDR) တို့ကို မိနစ် ၄၀ အတွင်း တစ်ပြိုင်နက်တည်း လျင်မြန်စွာ သိရှိနိုင်သည့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ မြန်မာနိုင်ငံရှိ အသည်းရောင် အသားဝါဘီပိုး၏ မျိုးရိုးဗီဇ ပြောင်းလဲမှုဆိုင်ရာ မော်လီကျူး ဇီဝဗေဒဆိုင်ရာ ဆက်စပ်မှုနှင့် ဗိုင်းရပ်စ်တိုက်ဖျက်ရေး ဆိုင်ရာ တိုးတက်တွေ့ရှိချက်များ၊ ငှက်ဖျား ဆေးယဉ်ပါးမှုကို ကျော်လွှားရန် အလားအလာရှိသော Ubiquitin-Proteasome စနစ်အား အဓိကထားသည့် နည်းဗျူဟာသစ်၊ မြန်မာနိုင်ငံတွင် တီဘီရောဂါ၊ ဗိုင်းရပ်စ်အသည်းရောင် ရောဂါ၊ ငှက်ဖျားဆေးယဉ်ပါးမှု ဆိုင်ရာ သုတေသန တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ပညာရှင်များက ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် သုတေသီများက မေးမြန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# စက်မှုကျွမ်းကျင် နှစ်နှစ်သင်တန်း အမှတ်စဉ်(၄၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၀**

စက်မှုကျွမ်းကျင် နှစ်နှစ်သင်တန်း အမှတ်စဉ်(၄၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ရှိ အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် နည်းပြ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတက်ရောက်ကြမည့် မောင်မယ်များအနေဖြင့် သင်ကြားပေးမည့် စက်မှုပညာရပ်များကို အပတ်တကုတ် ကြိုးစားလေ့လာသင်ယူကြရမည်ဖြစ်ပြီး သင်ယူဆွေးနွေးလေ့လာဆည်းပူးခြင်းမှ ရရှိလာမည့် စက်မှုပညာရပ်များကို စက်ရုံ၊ အလုပ်ရုံများနှင့် တစ်နိုင်တစ်ပိုင်စက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးချပြီး ဝန်ကြီးဌာန၏ အကျိုး၊ နိုင်ငံ့အကျိုးကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြသည့် လူငယ်မောင်မယ်များဖြစ်လာစေရန် တိုက်တွန်းပြောကြားသည်။

အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)ကို ၁၉၇၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အမှတ်စဉ် (၁)မှ (၄၀) အထိ သင်တန်းသား သင်တန်းသူစုစုပေါင်း ၄၇၈၇ ဦး သင်တန်းဆင်းနိုင်ခဲ့ကာ အလုပ်အကိုင်ရရှိသူ ၄၅၇၃ ဦး ရှိခဲ့သည်။ ထို့ပြင် အမှတ်စဉ်(၄၁) ဒုတိယနှစ် သင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိကာ အမှတ်စဉ် (၄၂)သို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ သက်ဆိုင်ရာဘာသာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့ နဝဒေးစက်မှုဇုန်အတွင်းရှိ ရွှေခေတ္တရာ ဆီစက်၊ ပွင့်ထွန်းဆန်စက်နှင့် High Power စက်မှုလက်မှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရွှေတောင်မြို့ရှိ အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)၌ ပညာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ကျောင်းဝတ်စုံများ ထုတ်လုပ်ပေးနိုင်ရေးအတွက် အဖြူချွတ်ခြင်း၊ ဆေးဆိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိစေရေး ၆၆/၁၁ ကေဗွီ၊ ၁၅ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်



**ထားဝယ် ဇန်နဝါရီ ၂၀**

ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်တွင် ရေရှည်တည်တံ့ခိုင်မြဲ၍ နှစ်ပေါင်းများစွာ ဓာတ်အားစဉ်ဆက်မပြတ်ရရှိစေရေး ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ ၆၆ ကေဗွီ ထားဝယ်ဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ၊ ၁၅ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းအား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဝန်ကြီးများက ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးမျိုးထွဋ်ဦးက ထားဝယ်ခရိုင်အတွင်း တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ပြည့်မီအောင် စဉ်ဆက်မပြတ် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ထားဝယ်ဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ၊ ၁၅ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တပ်ဆင် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှု အခြေအနေ၊ ထားဝယ်မြို့နယ်အတွင်း ဝန်အားသုံးစွဲမှုအခြေအနေ၊ ထားဝယ်ဓာတ်အားခွဲရုံတွင် တိုးချဲ့တပ်ဆင်မည့် ၆၆/၁၁ ကေဗွီ၊ ၁၅ အမ်ဗွီအေ ထရန်စဖော်မာ Layout Plan၊ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းတွင် အသုံးပြုမည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထားဝယ် ဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ၊ ၁၅ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက မူလတပ်ဆင်အင်အား ၄၀ အမ်ဗွီအေမှ ၅၅ အမ်ဗွီအေသို့ တိုးမြှင့် ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ထားဝယ်ခရိုင်၏ ဓာတ်အားလိုအပ်ချက်ကို ပြည့်ဝစွာ လက်ခံဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် Petro & Trans Co.,Ltd တို့ပူးပေါင်း၍ ထားဝယ်ခရိုင်အတွင်း ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ အနက် ဓာတ်အားထုတ်လုပ်မှုအပိုင်း၊ ဓာတ်အားပို့လွှတ်မှုအပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးမှုအပိုင်း အသီးသီးတွင်ရှိသော စက်ရုံ/ဓာတ်အားခွဲရုံများရှိ စက်ပစ္စည်းကိရိယာများ၊ ပို့လွှတ်ရေးဓာတ်အားလိုင်းများ၊ ဖြန့်ဖြူးရေးဓာတ်အားခွဲရုံ ငယ်များနှင့် ဓာတ်အားလိုင်းများအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင် ပညာရေးဒီဂရီကောလိပ်၌ ဆရာ ဆရာမများ ဆရာဖြစ်သင်တန်းတက်ရောက်နေသူများအား ဥပဒေဘာသာရပ် သင်ကြားပို့ချ



**မော်လမြိုင် ဇန်နဝါရီ ၂၀**

နိုင်ငံသားတိုင်း ဥပဒေကို သိရှိနားလည်နိုင်ရန်နှင့် ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရေး ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက မော်လမြိုင် ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ဆရာ ဆရာမများ၊ ဆရာဖြစ် သင်တန်းတက်ရောက်နေသော ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သင်တန်းသား သင်တန်းသူများအား ဥပဒေဘာသာရပ်ကို သင်ကြားပို့ချခဲ့သည်။

သင်တန်းတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်နှင့် ဥပဒေအခြေခံသဘောတရားများ သင်ကြားပို့ချခဲ့ပြီး ဆရာ ဆရာမ ၄၀၊ ဝန်ထမ်း ၁၀ ဦး၊ ဆရာဖြစ် သင်တန်းတက်ရောက်နေသော ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သင်တန်းသား သင်တန်းသူ ၆၈၀ တို့အား ဥပဒေဘာသာရပ်ကို တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် ဇန်နဝါရီလမှ မတ်လအထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပျဉ်းမနားမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်



**ပျဉ်းမနား ဇန်နဝါရီ ၂၀**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့တွင် မီးဘေးကြိုတင် ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော် ဦးဆောင်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန) ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်၊ ဈေးအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများဖြင့် ပျဉ်းမနားမြို့မဈေး၊ အာဟာရသုခဈေး၊ ယုဇနဈေးတို့တွင် မီးဘေးလုံခြုံရေး၊ မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းနှင့်အတူ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများကို မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ အသစ်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လျာထားဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရှင်များ နှစ်စဉ် သင်ကြားမွေးထုတ်ပေးလျက်ရှိသော်လည်း လိုအပ်ချက်များရှိနေသေးကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ အသစ်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးတွင် ဇန်နဝါရီ ၁၇ ရက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးက ညွှန်ကြားထားသည့်အချက်များနှင့်ပတ်သက်၍ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရာသီအချိန်မီ နွေစပါးစိုက်ပျိုးနိုင်ရန် သဘာဝမြေသြဇာ ထည့်သွင်းမြေပြင်ခြင်း၊ မျိုးစေ့စုဆောင်းခြင်းလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းဆိုင်ရာများ၊ ဓာတ်မြေသြဇာလိုအပ်ချက်ကို လုပ်ငန်းရှင်များနှင့် ညှိနှိုင်း ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# သဲကုန်းမြို့၌ ဖေဒါလက်မှုထုတ်ကုန် တန်ဖိုးမြင့်ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲကျင်းပ

**သဲကုန်း ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက နတ်တလင်းခရိုင် သဲကုန်းမြို့ တံခွန်တိုင်းကျေးရွာ၌ ဖေဒါလက်မှုထုတ်ကုန် တန်ဖိုးမြင့် ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားလာစေရေးအတွက် ဒေသထွက်ကုန်ပစ္စည်းများအား အခြေခံ၍ ဖေဒါရိုးဖြင့် အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအပြင် ဈေးကွက် ရရှိရေးကိုလည်း ဖော်ဆောင် ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် မိမိတို့၏မိသားစုဝင်ငွေ တိုးတက်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်သစ်များ ဖြစ်ပေါ်လာစေရေးနှင့် ဖေဒါလက်မှုလုပ်ငန်း ပိုမိုဆန်းသစ်လှပကောင်းမွန် စေရေးတို့အတွက် ကြိုးစား သင်ကြားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဖေဒါလက်မှုထုတ်ကုန်တန်ဖိုးမြင့် ထုတ်လုပ်ခြင်းသင်တန်းအတွက်သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့လည်းကောင်း၊ သင်တန်းနည်းပြများအတွက် သီးခြားဂုဏ်ပြုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းအတွင်း သင်ကြားသွားမည့် ဖေဒါတန်ဖိုးမြင့် ထုတ်ကုန်များအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် သဲကုန်းမြို့တွင် ဖေဒါပင်နှင့် တန်ဖိုးမြင့်လူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်း သင်တန်း နှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ဖေဒါပင်ရိုးမှ လက်ကိုင်အိတ်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ဦးထုပ်၊ ဖျာနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ခဲ့၍ ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့တို့သို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်းနှင့် ယခုသင်တန်းကို သင်တန်းသူ ၂၂ ဦးဖြင့် ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေကြာစိုက် သမဝါယမအသင်းသားတောင်သူများ ဆီနေကြာ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ပညာပေး ဟောပြော

**ညောင်ရွှေ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်ရှိ နေကြာစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများအား ဆီနေကြာ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ပညာပေးဟောပြောပွဲကို မိုင်းသောက်ကျေးရွာ ပင်မြင့်စံနေ့ကလေးထိန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ပညာပေးဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ရှုရှားရွက်ဖျန်းအားဆေးမှ တာဝန်ရှိသူများက ဆီနေကြာစိုက်သမဝါယမ အသင်းသားတောင်သူများအား အချိန်ကာလအလိုက် ဆောင်ရွက်သင့်သည့်အခြေအနေများ၊ သဘာဝမြေသြဇာ ပိုးသတ်ဆေး အသုံးပြုရမည့်အချိန်အား ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းသားတောင်သူများ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်းသည်။

အဆိုပါပညာပေးဟောပြောပွဲသို့ မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၊ ရောင်နီဦးလယ်ယာနှင့် အထွေထွေသမဝါယမအသင်းနှင့် ပင်မြင့်စံငွေစုငွေချေးသမဝါယမအသင်းတို့မှ အသင်းသားတောင်သူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# အင်းစိန်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်အသိပညာပေး ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၀**

အင်းစိန်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ ဗလငါးတန်ပြည့်စုံရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(၄)(အင်းစိန်) ရတနာဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးဟောပြော**

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခြေခံပညာကျောင်းများတွင် လူငယ်အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်စာပေဥယျာဉ်အသင်းဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၂)၊ စာရေးဆရာ သတင်းစာဆရာဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအဖြစ် ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် တိုင်းကျိုးပြည်ပြုစာပေများကို အထူးပြုလေ့လာဖတ်ရှုကြရန် ဆွေးနွေးဟောပြောကြသည်။

ထို့နောက် ဒေါက်တာဗိုလ်သံမဏိ (တောင်တွင်းကြီး)က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာက လက်ခံရယူပြီး ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဓာတ်ပုံ ဗီနိုင်းများနှင့် သုတ၊ ရသ စာအုပ်များကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြောင်း သိရသည်။

**မြင့်ဦး**



# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား”အစီအစဉ်မှ **“ပြည်သူနဲ့နိုင်ငံခြားမှ ထောက်ပံ့လှူဒါန်းမှုတွေ မရတော့တဲ့အတွက် အကြံကုန်ဂဠုန်ဆားချက်ဖြစ်နေတဲ့ PDF ”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူကို နည်းမျိုးစုံနဲ့ ဒုက္ခပေးလျက် အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉)တွင်ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင်အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

**သင်တန်းသားများအတွက်**
**ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများပေးအပ်**

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) မှ သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစဉ်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -




**မောင်ဝင်းပိုင်ဖြိုး**

သင်တန်းတက်ရောက်ဖြစ်တာကတော့ အသက် ၁၈ နှစ်ကနေ ၃၅ နှစ် အသက်ပြည့်တဲ့အတွက် စစ်မှုထမ်းဥပဒေအရ လာရောက်တက်ရောက်ဖြစ်တာပါ။ သင်တန်းမှာသင်ကြားသွားမယ့် ဘာသာရပ်တွေကတော့ ထုတ်ပြန်ထားတဲ့ စည်းကမ်းနဲ့အညီ လိုက်နာသွားပါမယ်။ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်။ သင်တန်းမတက်ခင်မှာတော့ ကိုယ်မရောက်ဘူးတဲ့နေရာဆိုတော့ စိတ်လှုပ်ရှားပါတယ်။ ရောက်လာတော့လည်း သူ့ဟာနဲ့သူ အဆင်ပြေအောင် နေတတ်ထိုင်တတ်ပါတယ်။ အပြင်မှာတော့ ကိုယ်နေချင်သလိုနေ ကိုယ်အိပ်ချင်သလိုအိပ် နေတာထိုင်တာစားတာသောက်တာ အားလုံးစည်းကမ်းနဲ့ အလုပ်လုပ်ရတာဆိုတော့အများကြီးကွာခြားပါတယ်။ နောက်ဆုံး အိပ်ချိန်စားချိန်ရေချိုးချိန်ကအစ အားလုံးသူ့စည်းသူ့ကမ်းနဲ့ နေရပါတယ်။

စာမျက်နှာ ၁၁ သို့ ☆



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) မှ သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံအားပေး



**နေပြည်တော် ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဖေယျာသီရိခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူးဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင်ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၁၀ မှ

**မောင်ကျော်ဝင်းထွန်း**

နိုင်ငံတော်ကာကွယ်ဖို့အတွက်ရယ် ယောကျ်ားကောင်း ယောကျ်ားမြတ်တွေဖြစ်ဖို့အတွက် ဒီသင်တန်းကို တက်ရောက်ဖြစ်တာပါ။ စည်းကမ်းပိုင်းဆိုင်ရာ အကျိုးကျေးဇူးတွေရရှိသလို ရှေ့ဆက်လျှောက်ရမဲ့ အနာဂတ်အတွက်လည်း ထွန်းလင်းတောက်ပမှုတွေ ဖြစ်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ လက်နက်နဲ့ စစ်ရေးပြကို တတ်မြောက်တဲ့အတွက် အမျိုးဘာသာသာသနာကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ တစ်ချိန်တုန်းက တပ်မတော်သားတွေရဲ့ ဘဝကို မသိတဲ့အတွက် သူများပြောတာတွေကို ယုံကြည်မိခဲ့ပါတယ်။ အခု တပ်မတော်ယူနီဖောင်းကို ဝတ်လိုက်တဲ့အတွက် တပ်မတော်သားတွေရဲ့ အရာအားလုံးကို ကိုယ်ချင်းစာမိပါတယ်။ သူများတွေ ပြောသလို့မဟုတ်ဘူးဆိုတာ ကျွန်တော်ယုံကြည်လာပါတယ်။ နောက်အပတ်စဉ်တက်မယ့် လူငယ်တွေအားလုံး မြန်မာနိုင်ငံအတွင်းမှာနေတဲ့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ်လို့ ယုံကြည်ပါတယ်။







**မောင်နေမျိုးဇော်**

ယုံကြည်ချက်၊ ခံယူချက်ကတော့ ပြည်သူ့စစ်မှုထမ်းမဖြစ်ခင်ကတည်းက တက်ချင်နေတာပါ။ ဘာဖြစ်လို့ဆိုတော့ ကျွန်တော်က နိုင်ငံသားတစ်ယောက်ဖြစ်နေတဲ့အတွက် တပ်မတော်ထဲကို ဝင်ရောက်ဖို့ အရင်ကလည်း စိတ်ပါနေတာပါ။ လာမယ့် ညီငယ်တွေကိုလည်း ပြောခဲ့ပါတယ်။ ငါစစ်မှုထမ်းဖို့သွားမယ်။ မင်းတို့ စိတ်ဓာတ်တက်ကြွရင်လာခဲ့။ အဆင်သင့်ရှိနေမှာပါ။ ကျွန်တော့်ခံယူချက်ကတော့ တစ်နိုင်ငံလုံး ကျွန်တော့်လိုမျိုးစိတ်ဓာတ်ရှိမယ်ဆိုရင် ဘာသာ၊ သာသနာ၊ လူမျိုး သုံးခုလုံးကို ကာကွယ်နိုင်တဲ့ အကျိုးကျေးဇူးတွေရှိနိုင်မှာပါ။ ဒီနိုင်ငံမှာမွေးပြီး ဒီနိုင်ငံမှာကြီးလာတဲ့ လူတိုင်းဟာ ဒီလိုဖြစ်သင့်တယ်။ လုပ်လည်းလုပ်သင့်တယ်။ နိုင်ငံကို ကာကွယ်ဖို့အတွက် ဒီတိုင်းနေရင် အကျိုးမရှိဘူး။ အဲဒါကြောင့် နိုင်ငံတော်က ပြည်သူ့စစ်မှုထမ်းဥပဒေကို ထုတ်ပြန်တာလည်း ကောင်းတယ်။ ပြောမယ်ဆိုရင်တော့ နိုင်ငံတော်ကာကွယ်ဖို့ လူငယ်တိုင်းမှာ တာဝန်ရှိပါတယ်။ တာဝန်လည်း ကျေသွားပါတယ်။

**သတင်းစဉ်**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင်ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာ ညောင်ချောင်းဘုန်းတော်ကြီးကျောင်းရှိ ရတနာသုခဓမ္မဗိမာန်တော်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၂၄ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၈၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ၇၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၉ ဦး၊ မျက်စိရောဂါ ၉၈ ဦး၊ သွားရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၂၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာငါးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ ဇန်နဝါရီ ၁၉ ရက် ည ၈ နာရီ ၃၃ မိနစ်ခန့်တွင် ကျိုက်လတ်မြို့နယ် ဒရယ်ချိုကျေးရွာနေ ဦးလင်းနိုင်ဦး၏ ဇနီးဖြစ်သူ ဒေါ်ဝေဝေမျိုးကို ၅ ပေါင် ၈ အောင်စရှိ သားဦးယောကျာ်းလေး တစ်ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။ အဆိုပါ ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ပေးအပ်သည့် ချီးမြှင့်ငွေနှင့် လက်ဆောင် ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း တတိယအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၏ သမိုင်းမှတ်တမ်းတွင် ၃၁ ဦးမြောက်အဖြစ်အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကာ နယ်လှည့်အထူးကု ဆေးအဖွဲ့အတွက် ဆေးဝါးများနှင့်ဒေသထွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။



ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

**ဒေါ်သောင်းကြည်**

အကြောတက်တယ်။ နံတစ်ဖက်ကနာနေတယ်။ မောတယ်။ မူးတယ်။ သုံးလ၊ လေးလလောက်ပြပြီးရင် အဘွားကသက်သာတယ်။ အဘွားကတော့ လယ်သမားပါ။ အဘွားက ၇၈ နှစ်ရှိပါပြီ။ သုံးလတစ်ကြိမ်၊ နှစ်လတစ်ကြိမ်လောက် လာရောက်ကုသဖို့ ဖိတ်ခေါ်ချင်ပါတယ်။ အခုအဘွားတို့ လာပြီးတော့ ရောဂါပေါင်းစုံလည်း မိသားစုတွေကုလို့ရပါတယ်။ ကုပေးတဲ့ ဆရာဝန်တွေကိုလည်း နှစ်စဉ်နှစ်တိုင်း ကျန်းမာချမ်းသာပါစေလို့ အမြဲတမ်း မေတ္တာပို့ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

**မသက်ထားဝေခင်**

သမီးက ညောင်ချောင်းကျေးရွာကနေလာပြီးတော့ ဆေးလာပြတာပါ။ အခြေခံပညာအထက်တန်းကျောင်း (အထက-သပြုဆိပ်ညောင်ချောင်း) Grade-10 မှာပညာသင်ကြားနေတာပါ။ နှလုံးအောင့်တဲ့ ရောဂါဝေဒနာနဲ့ လေအောင့်တဲ့ ရောဂါဝေဒနာကိုလာပြတာပါ။ နှစ်ခုစလုံးကတော့ နှစ်နှစ်လောက်တော့ရှိပါပြီ၊ ခံစားရရင်လည်း ဆက်တိုက် တစ်လကျော် နှစ်လလောက် ကျောင်းပျက်ခဲ့ရပါတယ်။ ခုလို လာရောက်ကုသဖို့အတွက် စေလွှတ်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ ဆရာဝန်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်လည်းလာရောက်ကုသပေးဖို့ သမီးအနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်။ အခုလို ကုသပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**မဝေမျိုး**

ညီမတို့ရွာကို နယ်လှည့်ဆေးကုသရေးအဖွဲ့တွေရောက်လာတာနဲ့ ကျေးလက်ဆေးခန်းက ဆရာမတွေကလည်း မွေးနေ့စေ့ပြီလို့ ပြောတာကြောင့် သင်္ဘောပေါ်မှာ လာရောက်မွေးဖွားတာ ဖြစ်ပါတယ်။ ဒီသင်္ဘောပေါ်မှာ လာမွေးတော့ ဆရာဝန်ကြီးတွေက စိတ်ရှည်လက်ရှည်နဲ့ ကူညီခွဲမွေးပေးပါတယ်။ အာဟာရပြည့်ဝတဲ့ အစားအစာတွေ၊ ထောက်ပံ့မှုပစ္စည်းတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက ပေးအပ်ခဲ့ပါတယ်။ အပြင်မှာမွေးဖွားမယ်ဆိုရင် ငွေကြေးကုန်ကျမယ်။ ဒီသင်္ဘောပေါ်မှာ အခမဲ့ခွဲပေးတဲ့အတွက် ဆရာဝန်ကြီးတွေရော ခွဲစိတ်ဆရာဝန်တွေရော ကျေးဇူးတင်ပါတယ်။ အခုလိုဆေးကုသနိုင်အောင် ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။



ဒေါ်သောင်းကြည်



မသက်ထားဝေခင်



မဝေမျိုး

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျွန်းစုမြို့ရှိအထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၉၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၉၃ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၃ ဦး၊ ကလေးရောဂါ ၃၆ ဦး၊ အရိုးရောဂါ ၉၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၆ ဦး၊ မျက်စိရောဂါ ၁၈၉ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၄၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၂၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာလေးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

# အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ဒေါ်နယ်ထရမ့် ကျမ်းသစ္စာကျိန်ဆို



**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ဒေါ်နယ်ထရမ့် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ဝါရှင်တန်မြို့တော်တွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေပြီး လေပြင်းများတိုက်ခတ်နေသဖြင့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို လွှတ်တော်အဆောက်အအုံအတွင်း ကျင်းပခဲ့သည်။

**ပြောကြား**

မိမိအား အားပေးထောက်ခံသူများ၏ မျှော်လင့်ချက်များ ပြည့်ဝလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု ဇန်နဝါရီ ၁၉ ရက်က ဝါရှင်တန်တွင် ၎င်းအား ထောက်ခံသူများနှင့် တွေ့ဆုံရာတွင် ထရမ့်က ပြောကြားခဲ့သည်။

သမ္မတဟောင်း ဂျိုးဘိုင်ဒင်လက်ထက်တွင် ချမှတ်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေး၊ အခွန်စည်းကြပ်ရေးနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ မူဝါဒများကို သိသာထင်ရှားစွာပြောင်းလဲပြီး သမိုင်းတွင်ရစ်မည့် အရှိန်အဟုန်နှင့် စွမ်းအားဖြင့် အမေရိကန်နိုင်ငံ ရင်ဆိုင်နေရသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းသွားမည်ဟု သမ္မတထရမ့်က ပြောကြားခဲ့သည်။ နိုင်ငံသားများအနေဖြင့် ဝမ်းသာအားရဖြစ်စေမည့် အမိန့်များ ထုတ်ပြန်မှုကို တွေ့မြင်ရစေမည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

## အင်ဒိုနီးရှားနိုင်ငံ၌ စွမ်းအင်ဆိုင်ရာ စီမံကိန်း ၃၇ ခု စတင်ဆောင်ရွက်

**ဂျကာတာ ဇန်နဝါရီ ၂၀**

အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းအင်သုံးစွဲမှုဖူလုံရေး ကြိုးပမ်းမှုအဖြစ် စွမ်းအင်ဆိုင်ရာ စီမံကိန်း ၃၇ ခုကို သမ္မတပရာဘိုဝို ဆူဘီရန်တိုက ယမန်နေ့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

၎င်းစီမံကိန်းများအရ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ၃ ဒသမ ၂ ဂီဂါဝပ်ထုတ်လွှတ်နိုင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၆ ခု အပါအဝင် ဓာတ်အားပို့လွှတ်ရေးကွန်ရက် ၁၁ ခုနှင့် ဓာတ်အားခွဲရုံများကို ပြည်နယ် ၁၈ ခုတွင် တည်ဆောက်မည်ဟု အနောက်ဂျာဗားပြည်နယ် ဆူမီဒန်တွင်ကျင်းပသည့် စွမ်းအင်ဆိုင်ရာစီမံကိန်းများ စတင်ဆောင်ရွက်သည့် အခမ်းအနားတွင် သမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ပြောကြားသည်။ ယခုဆောင်ရွက်ချက်သည် အစိုးရ၏ စဉ်ဆက်မပြတ် စွမ်းအင်အသွင်ကူးပြောင်းရေး ကြိုးပမ်းချက်ဖြစ်ပြီး အမျိုးသားစွမ်းအင်အရင်းအမြစ်များကို မြှင့်တင်တည်ဆောက်ခြင်းဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ စွမ်းအင်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံအား ထိပ်တန်းစက်မှုနိုင်ငံအဖြစ် ပြောင်းလဲရန် ဆောင်ရွက်ချက်ဖြစ်ပြီး နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှု၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စွမ်းအင်ကဏ္ဍသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ၎င်းက ပြောကြားသည်။ ယခုဆောင်ရွက်ချက်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သမ္မတပရာဘိုဝိုဆူဘီရန်တို့ ဦးဆောင်သည့် ရုပ်ကြွင်းလောင်စာမှ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲမှုမြှင့်တင်ရေး အမြော်အမြင်ကြီးမားသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီး ဗီလာလာဟာဒါလီယာက ပြောကြားသည်။



**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ပါကစ္စတန်နိုင်ငံ ဂေါ်ဒါအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပထမဆုံးဆိုက်ရောက်လာသည့် လေယာဉ်အား ကြိုဆို

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၀**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင်တည်ရှိသည့် ဂေါ်ဒါ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပထမဆုံး ဆိုက်ရောက်လာသည့် လေယာဉ်အား ကြိုဆိုသည့်အခမ်းအနားကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း ပါကစ္စတန် မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။



ကရာချိမှ ပထမဆုံး ဆိုက်ရောက်လာသည့် လေယာဉ်သည် ဇန်နဝါရီ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၄ မိနစ်တွင် ဂေါ်ဒါအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆင်းသက်ခဲ့ရာ ကာကွယ်ရေးနှင့် လေကြောင်းဝန်ကြီး ကဝါဂျီအဆစ်ခ်နှင့် ဘလူချီစတန် ပြည်နယ်ဝန်ကြီးချုပ် ဆာဖာရတ်ဗတ်တီတို့က ကြိုဆိုခဲ့ကြသည်။

ဂေါ်ဒါအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းပျံသန်းမှုများ စတင်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် တရုတ်-ပါကစ္စတန်ချစ်ကြည်ရင်းနှီးမှုခိုင်မြဲခြင်းကို ပြသနေပြီး အာရှနှင့် အရှေ့အလယ်ပိုင်းဒေသ ဆက်သွယ်ရေးလမ်းကြောင်း ကျယ်ပြန့်လာမှုဆိုင်ရာ သမိုင်းမှတ်တိုင်ဖြစ်လာခဲ့ကြောင်း ဝန်ကြီးချုပ် ရှာဘတ်ရှာရစ်က ပြောကြားသည်။ ယခုလေဆိပ်လုပ်ငန်း စတင်ဆောင်ရွက်ခြင်းသည် တရုတ်- ပါကစ္စတန် စီးပွားရေးစင်္ကြံအရ ပါကစ္စတန်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ အကျိုးစီးပွား ဖြစ်လာစေရေးအတွက် တရုတ်နှင့် ပါကစ္စတန်ခေါင်းဆောင်များက အမြော်အမြင်ကြီးစွာ ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

## ထိန်းသိမ်းထားသည့် ပါလက်စတိုင်း အကျဉ်းသား ၉၀ အား ပထမအသုတ်အဖြစ် အစ္စရေး ပြန်လည်လွှတ်ပေး

**ဂျေရုဆလင် ဇန်နဝါရီ ၂၀**

အနောက်ဘက်ကမ်း ရာမာလာရှိ အိုဖာအကျဉ်းထောင်တွင် ထိန်းသိမ်းထားသည့် ပါလက်စတိုင်း အကျဉ်းသား ၉၀ အား ပထမအသုတ်အဖြစ် အစ္စရေးတာဝန်ရှိသူများက ယမန်နေ့အစောပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

အစ္စရေး ဓားစာခံသုံးဦးအား ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားရာမှ ပြန်လွှတ်ပေးခဲ့ပြီးနောက် အပြန်အလှန်အနေဖြင့် ပါလက်စတိုင်းအကျဉ်းသားများအား အစ္စရေးက ယခုကဲ့သို့ ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ၎င်းပါလက်စတိုင်း အကျဉ်းသားများတင်ဆောင်ထားသည့် ကားများသည် အိုဖာအကျဉ်းထောင်မှ ယမန်နေ့နံနက် ၁ နာရီတွင် ထွက်ခွာသွားခဲ့ပြီး ၎င်းတို့အား နိုင်ငံတကာကြက်ခြေနီအသင်း တာဝန်ရှိသူများမှတစ်ဆင့် ပါလက်စတိုင်းနယ်မြေအတွင်းသို့ ချောမောစွာပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ယခုအစ္စရေးက လွှတ်ပေးသည့် အကျဉ်းသားများတွင် အမျိုးသမီးများနှင့် အသက် ၁၈ နှစ်အောက်ကလေးများပါဝင်သည်။

ယမန်နေ့ကလည်း ဟားမတ်စ်အဖွဲ့က ၎င်းတို့ထိန်းသိမ်းထားသည့် အစ္စရေး ဓားစာခံသုံးဦးကိုပြန်လွှတ်ပေးခဲ့ရာ နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ စောင့်ရှောက်မှုဖြင့် အစ္စရေးနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ယခုကဲ့သို့ အကျဉ်းသားများ အပြန်အလှန်လွှတ်ပေးခြင်းသည် ယမန်နေ့က စတင်အသက်ဝင်ခဲ့သည့် အစ္စရေး- ဟားမတ်စ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဆောင်ရွက်ခြင်းဖြစ်သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## မလေးရှားနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုး ယမန်နှစ်အတွင်း ရင်းဂစ် ၁ ဒသမ ၅၁ ထရီလီယံသို့ မြင့်တက်ခဲ့

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၀**

မလေးရှားနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးသည် ယမန်နှစ်အတွင်း ရင်းဂစ် ၁ ဒသမ ၅၁ ထရီလီယံသို့ မြင့်တက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရားဝင်အချက်အလက်များအရ ယနေ့သိရသည်။

ယမန်နှစ်အတွင်း ပို့ကုန်တင်ပို့မှုမြင့်တက်လာရခြင်းမှာ အထွေထွေသုံးကုန်ပစ္စည်းနှင့် စိုက်ပျိုးရေးထုတ်ကုန်ထုတ်လုပ်ရေးကဏ္ဍများတွင် စွမ်းဆောင်ရည်မြင့်မားလာခြင်း၏ ရလဒ်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

စက်ကိရိယာ၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်ပစ္စည်းနှင့် စားသောက်ကုန်ကဏ္ဍများမှ ကုန်ပစ္စည်းများကိုလည်း ပြည်ပသို့ အများအပြား တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် စားအုန်းဆီ၊ သတ္တုနှင့် ရော်ဘာထုတ်ကုန်များကိုလည်း ပြည်ပနိုင်ငံများသို့ အများအပြား တင်ပို့နိုင်ခဲ့သည်။ မလေးရှားနိုင်ငံ၏ ယမန်နှစ်အတွင်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုးမှာ ရင်းဂစ် ၂ ဒသမ ၈၈ ထရီလီယံရှိခဲ့ပြီး သွင်းကုန်တန်ဖိုးမှာ ရင်းဂစ် ၁ ဒသမ ၃၇ ထရီလီယံရှိခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ တီရစ္ဆာန်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၅၁၀၅၁၀၆၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဇန်နဝါရီ ၁၈ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်တွေခရိုင် စစ်တွေမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်တွေမြို့နယ်၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နွား ၁၈ ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀)ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၁၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်နှင့် ဟင်္သာတခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၀၁၇ တန်၊ အခြားသစ် ၁၉ ဒသမ ၁၂၈ တန်နှင့် သစ်စက်ဆက်စပ်ပစ္စည်းတစ်စုံ (ခန့်မှန်းတန်ဖိုးငွေ ၄၀၀၅၄၇၂ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြောင်းမြမြို့နယ်နှင့် ကျုံမငေးမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအနီး၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၂၈ ပီပါ၊ ဒီဇယ်ဆီ ၁၂ ပီပါနှင့် ဆက်စပ်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၂၇၂၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၄၄၈၂၆၇၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၇၃၄ တန်၊ အခြားသစ်တန် ၅ ဒသမ ၃၉၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၄၉၂၉၇၁ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ဗိုလ်ချုပ်လမ်း အေးမြကန်သာရပ်ကွက် အမှတ်(၁-A)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် ၁၁ ဒသမ ၆၄၉ တန်နှင့် ချိန်းဆောတစ်လုံး (ခန့်မှန်းတန်ဖိုးငွေ ၁၁၄၈၄၂၈ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြိတ်မြို့ ရေပုန်းရပ်ကွက်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၄၇၆၄၈၄၂၈ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုင်းဆတ်မြို့နယ် မိုင်းဆတ်-တာချီလိတ်ကားလမ်းဘေး တစ်နေရာ၌ စုပုံထားသောအကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းလေးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၆၇၄၄၈၅၁၃၉ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၈၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၀

ရန်ကုန် တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၈၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို၂၀နှင့်စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆ သိန်းကျော် သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၃ နာရီတွင်ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင် (၆)လမ်းထိပ်တွင် ဦးမောင်မြင့်စိုး (ခ)ခိုင်ကျော်မင်း (ခ)ကိုမင်း၊ ဝင်းဗိုလ်(ခ)ဦးရခိုင်နှင့် ဦးမောင်မိုးညွန့်(ခ)မိုးချေတို့ သုံးဦးကို သတင်းအရရှာဖွေရာ ၎င်းတို့ သယ်ဆောင်လာသည့် ခရီးဆောင်အိတ်နှစ်လုံးအတွင်းမှ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၂၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇန်နဝါရီ ၁၆ ရက် နံနက် ၁ နာရီတွင် လှည်းကူးမြို့နယ် ဝွေးတောက်အိုင်ကျေးရွာအုပ်စု ဒေါင်းမြီးကွက်ကျေးရွာတွင် ကိုကိုနိုင်(ခ) စိန်ရွှေအောင်(ခ) ကျော်လင်း(ခ) ဂိုးကြီးနှင့် ဦးကြည်စိုးတို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆၆ သိန်းနှင့်အတူ ဆက်လက်သိမ်းဆည်းရမိခဲ့ပြီး ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် ကျော်ဝင်းနိုင်(ခ)ဖိုးထူးအား ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေးတွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၈၆၆၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း)ကီလို ၂၀ နှင့်စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆၆ သိန်း သိမ်းဆည်းရမိခဲ့သည်။



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

ထို့အတူ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံ (အောက်) ကျေးရွာ ပုံလို့လမ်းမပေါ်တွင် ယဲဆောင်(ခ) လီဂျူး မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် လွယ်စီတုံ(အောက်)ကျေးရွာ ရွာလယ်လမ်းတွင် လော်လို့(ခ) အားလို့နှင့် အားချိတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | ဓာတုကင်းစင်ကျန်းမာဖို့ GAP စနစ် လိုက်နာစို့ |
| ၀၉:၁၀ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၀၉:၄၀ | Sports Diary |
| ၁၀:၃၅ | နိုင်ငံတော်မှ အလေးထားဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၃၅) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၄၅ | မျိုးဗုဏ်တင့်စေ ဆိုကရေးတီးအမွေ |
| ၁၅:၃၀ | Weekly MNL Review |
| ၁၆:၄၀ | ကမ္ဘာတစ်လွှား အနုပညာသတင်းများ |
| ၁၇:၁၀ | ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး |
| ၁၇:၄၀ | ကျန်းမာသောဘဝနှင့် လှပသောအနာဂတ် |
| ၁၈:၃၅ | ပြည်ချစ်သားမွန် တေးသဝဏ် |
| ၁၈:၄၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၅၈) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန် တေးသဝဏ် |
| ၂၁:၁၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဝမ်းသူများ' (အပိုင်း-၆) |
| ၂၂:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း |

**mitv**

| | |
|---|---|
| 07:02 | Evergreen Classic: Myat Day Thanar (Pan Ei Phyu) |
| 07:10 | Xylophones' Home |
| 07:31 | Myanmar Traditional Snacks: Sago Syrup with Sweet Potato |
| 07:37 | Gardener of Royal Thazin Floral |
| 08:01 | News |
| 08:26 | Nga Laik Sakhanthar Elephant Camp |
| 08:43 | Dhammayangyi Temple |
| 09:01 | A Special Moment with A Man of Versatility (Epi-1) Spiritual & Yoga Life |
| 09:35 | Traditional Myanmar Theatrical Performance: Choral Dance Dedicating to Elegant Nat (Ma Ngwe Taung) |
| 09:48 | Broom Making Business |
| 10:01 | News |
| 10:26 | Lifestyle & Entertainment (Weekly Updates) |
| 10:35 | Bravocado Benefits |

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဗိုင်းဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဒူးကွင်း(ခေါ်)ကူဘိုးဒူပြုလုပ်ပုံ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
လားဖောဆက်တေးလက်ဆောင်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရောဝတီရဲ့အရှိုင်းဆန်တဲ့အလှငေါ်ရန်ဂျီ(အပိုင်း-၃)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရိုးရာအိပ်ချက် ဟင်းတစ်ခွက်

**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဟင်းသီးဟင်းရွက်အငေါ်အငေါ်များ(အပိုင်း-၁)

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
လွယ်ငမွှေမြို့

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
အပန်းဖြေကြမည် သဘာဝကျောက်ပန်းချီကမ်းခြေဆီ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပြူးပဒေသာ(မဏီစန္ဒာနှင့်ပုလဲစိန်)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
အာလူးထမင်းနယ်

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
မြေအိုးပြုလုပ်နည်း

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၇:၄၅ | နိုင်ငံတကာစီးပွားရေးသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၄၅ | Save Our Planet Program |
| ၁၀:၄၅ | အသိပညာနှင့်အမှန်တရား |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၄၅ | Football Highliths |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း' |
| ၁၀:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အင်ဒိုနီးရှားနိုင်ငံ' |
| ၁၁:၃၀ | ရွှေသို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၄၀) |

**MRTV FARMERS' / H TV Channel**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၀ | လုပ်းလို့အရောက်လာပါ Big-M စိုက်ပျိုးရေးခြံကကြိုနေမှာ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | I Started Gardening 18 Months Ago, Here's What it Looks Now |
| ၁၉:၂၀ | Sri Lankan Organic Agriculture Documentary |
| ၁၉:၄၅ | International Music Hits |
| ၂၀:၀၀ | လူတောသားနှင့်ယောကျ်ာမလောင်း(ဇာတ်လမ်း) |
| ၂၂:၀၀ | Barbie (နိုင်ငံခြားဇာတ်လမ်း) |

**MRTV SPORTS / H TV Sports**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၂:၀၀ | U-21 အမျိုးသားဘောလုံးပြိုင်ပွဲ (ဆီမီးဖိုင်နယ်) (Replay) Yangon Vs Mandalay) |

Scan Here
MRTV / MRTV / MRTV Radio / MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်ကြီးမွေးမြူရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုများနှင့် မွေးမြူရေးခြံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့မွန်းလွဲပိုင်းတွင် တိုက်ကြီးမွေးမြူရေးဇုန်ဖွံ့ဖြိုးတိုးတက်မှုများနှင့် မွေးမြူရေးခြံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Golden Gate Global Myanmar Co., Ltd ဆိတ်မွေးမြူရေးခြံ၊ မြန်မာဒူးရင်းကုမ္ပဏီလီမိတက် နို့စားနွားမွေးမြူရေးခြံ ၊Super Seven Stars Agri – Tech Co ., Ltd ၏ ဥစားကြက်မွေးမြူရေး၊ ကောင်းထက်အသားတိုးကြက်မွေးမြူရေးခြံ၊ Family Myanmar ဥစားကြက်မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းလုပ်ကိုင်သူများက တင်ပြချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တိုက်ကြီး – ဖောင်ကြီး – ပဲခူးလမ်း မိုင်တိုင် ၅/၀ မှ ၆/၀ အထိ ဘေးနှစ်ဖက်လမ်းချဲ့၍ ၁၈ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကာ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။



ဆန်းကျော်ဦး(ပြန်/ဆက်)

## ကြိုပွိုင့်စနစ်ဖြင့် ဆောက်လုပ်စတိုက်ခန်း၊ ကွန်ဒိုရင်းနှီးမြှုပ်နှံမည်ဆိုလျှင် ကန်ထရိုက်တာ၏ Background က အရေးကြီးကြောင်း အကြံပြု



ရန်ကုန် ဇန်နဝါရီ ၂၀

ကြိုပွိုင့်စနစ်ဖြင့် ဆောက်လုပ်စတိုက်ခန်း၊ ကွန်ဒိုရင်းနှီးမြှုပ်နှံမည်ဆိုလျှင် ကန်ထရိုက်တာ၏ Background က အရေးကြီးကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များက အကြံပြုပြောကြားသည်။

အိမ်ခြံမြေကို ကိုယ်တိုင်နေထိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ၊ ဆိုင်ဖွင့်ရန်ရည်ရွယ်ချက်၊ အငှားချထားရန် ရည်ရွယ်ချက်များဖြင့် ဝယ်ယူကြသကဲ့သို့ အရောင်းအဝယ်လုပ်ရန် ရည်ရွယ်၍ ဝယ်ယူလေ့ရှိကြကြောင်း သိရသည်။

ထိုကဲ့သို့ ဝယ်ယူကြသည့်အခါ အရည်အသွေးပိုင်းနဲ့ပတ်သက်၍ ဆောက်လုပ်ပြီး ကန်ထရိုက်တိုက်တချို့ ယိုင်သွားခြင်းမျိုးလည်း ရှိခဲ့သည့်အတွက် ကြိုပွိုင့်ဝယ်ယူမည့်သူများ အနေဖြင့် လေ့လာရန်လိုအပ်ကြောင်း သိရသည်။

“တိုက်ခန်း ဝယ်ယူတဲ့အခါ Quality နဲ့ Facility တိုက်အရည်အသွေးပေါ့နော်။ ကန်ထရိုက်တိုက်ကိုပဲဝယ်ဝယ်၊ ကွန်ဒိုကိုပဲ ဝယ်ဝယ် အဓိကက တိုက်ရဲ့ အရည်အသွေးပေါ့၊ ဒီကန်ထရိုက်တာ ဆောက်တဲ့လက်ရာက ဘယ်လိုရှိလဲ၊ ဆေးသားကကော ဘယ်လိုရှိလဲ၊ ဒါမျိုးတွေကိုပါ ကြည့်ပြီးတော့ ဝယ်နိုင်ရင်တော့ အကောင်းဆုံးပဲ။ အချို့ကန်ထရိုက်တိုက်က ပင့်တိုင်မပါဘဲ ဆောက်လုပ်ပြီး ယိုင်သွားတာတွေ ရှိတဲ့အခါ တကယ်လို့သာ ကိုယ်က ကြိုပွိုင့်တိုက်ခန်း၊ ဆောက်လက်စ တိုက်ခန်းကို ရင်းနှီးမြှုပ်နှံမယ် ဆိုရင်တော့ ကန်ထရိုက်တာရဲ့ Background က အလွန်အရေးကြီးတယ်လို့ မြင်တယ်” ဟု PRIME ESTATE မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိမ်ခြံမြေဝယ်ယူရာတွင် နေရာအကွက်အကွင်း၊ စီးပွားရေးလုပ်ကိုင်နိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပတ်ဝန်းကျင် လူနေမှုအဆင့်အတန်း၊ ပတ်ဝန်းကျင်အနေအထား ဆိတ်ငြိမ်မှုအစရှိသဖြင့် အချက်များကလည်း ဈေးတန်းတစ်ခုကို ဖြတ်ပေးကြောင်း ပြောကြားသည်။ ထို့အပြင် ကန်ထရိုက်တိုက် ဝယ်ယူမည်ဆိုလျှင် မြေရှင်စာရွက်စာတမ်းမူရင်းနှင့်၊ မြေရှင်နှင့်ကန်ထရိုက်ကြား ချုပ်ဆိုထားသည့်စာချုပ်နှင့် အမည်ပေါက်စစ်ဆေးရန် လိုအပ်ပြီး စေ့စပ်သေချာခိုင်မာလိုလျှင် သတင်းစာတွင် ထည့်သွင်းကြေညာရန် အစရှိသဖြင့် ထိုအချက်များကို ထည့်သွင်း စဉ်းစားသင့်ကြောင်း ပြောသည်။ **မေသက်**

## ပေါက်ခေါင်းမြို့နယ် သမဝါယမအသင်းစုက နွေစပါးစိုက်ပျိုးမည့် တောင်သူများသို့ သွင်းအားစုပေးအပ်

ပေါက်ခေါင်း ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သမဝါယမအသင်းစုက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးသော အသင်းသားတောင်သူများသို့ သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားပြီး နွေစပါးတစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ညီမျှသော သွင်းအားစုများကို သမဝါယမအသင်းသားများသို့ ထောက်ပံ့ပေးခဲ့သည်။ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစီမံကိန်းအားမြို့နယ်သမဝါယမအသင်းစုမှ ကျေးရွာလေးရွာ၊ အခြေခံသမဝါယမအသင်းလေးသင်း၊ အသင်းသားဦးရေ ၆၀ မှ နွေစပါးဧက ၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအောင် (ပြန်/ဆက်)**




## နတ်တလင်းမြို့နယ် ဆီဆုံကုန်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူ ၁၀ ဦးကျော်ကို သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ဆီဆုံကုန်းကျေးရွာကို ဇန်နဝါရီ ၁၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူ ၁၀ ဦးကျော်ကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ နတ်တလင်းမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နတ်တလင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်က ဆီဆုံကုန်းကျေးရွာနှင့် အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းမရှိဘဲ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မြေပြင်ဖြစ်စဉ်များနှင့်ကွဲလွဲနေသည့်သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် “စာပေကဏ္ဍဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇန်နဝါရီလ) ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ကဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ K.M.A တို့၏ “စာပေကဏ္ဍဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး” မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ မြသိန်း၊ ညီညီဖေ၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ညီမော်သိမ်း၊ မိလူသွေး၊ ကိုမောင်မြင့် (Love of Wisdom)၊ ဇလွန်ကျော်ဦးတို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ပါမောက္ခကိုကိုအောင် အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ) ၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ သောင်းထိုက်ဦး (သဃ်န်းကျွန်းကြီး) ၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါး၊ ဒွန်ရွှေထိုက်၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ခြယ်မှုန်းသီ၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ရဲထက်ဇော်၊ စိန်ဝင်းနွယ်၊ စိုးစိုး (ပန်းတောင်း)၊ ကြည်လွင်ဦး (ရေနံ)၊ မြသာဝင်း၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းမော်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ်၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ–၅၅) သပြေကုန်းဈေး နေပြည်တော် စာအုပ်အရောင်းဆိုင်၊ ဖုန်း ၀၉–၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇–၃၄၁၄၆၈၀ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉–၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂–၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉–၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁– ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရုပ်ကြွင်းလောင်စာများကို လျှော့ချနိုင်မည့် EV လျှပ်စစ်ကား

ကိုဘုန်း (ထုတ်လုပ်)



ကမ္ဘာ့ကားဈေးကွက်တွင် ဘက်ထရီသုံး လျှပ်စစ်ကားများကို ပိုမိုတောင်းဆိုလာရာ ကမ္ဘာ့ကားထုတ်လုပ်သည့်နိုင်ငံများက EV ဟု အတိုကောက်ခေါ်သည့် လျှပ်စစ်ကားများ၏ စွမ်းဆောင်ရည်များကိုမြှင့်တင်ပြီး အပြိုင်အဆိုင်ထုတ်လုပ်လာသောကြောင့် EV ကားဈေးကွက်မှာ တစ်ကမ္ဘာလုံးတွင် ကျယ်ပြန့်လာလျက်ရှိသည်။

လျှပ်စစ်ကားများ (EVs) သည် အသစ်အဆန်းတစ်ခုဟု လူအများက ထင်ကြသော်လည်း အမှန်တကယ်တွင် ၎င်းတို့သည် ရာစုနှစ်တစ်ခုကျော် ရှိနေပြီဖြစ်သည်။ ၁၈၀၀ ပြည့်နှစ်များအစောပိုင်းတွင် အခြေခံ EV မော်ဒယ်များမှသည် ယနေ့ခေတ်ပေါ်နည်းပညာများအထိ လျှပ်စစ်ကားများသည် ပြောင်းလဲနေပြီး ပိုမိုကောင်းမွန်လာပါသည်။

၁၈၂၈ ခုနှစ်တွင် Ányos Jedlik ဟုခေါ်သော ဟန်ဂေရီနိုင်ငံသား အင်ဂျင်နီယာတစ်ဦးသည် အခြေခံလျှပ်စစ်မော်တာဖြင့် မောင်းနှင်သည့် ယာဉ်ငယ်ကို တီထွင်ခဲ့သည်။ ဤအစောပိုင်းတီထွင်မှုသည် မော်တော်ယာဉ်များ မောင်းနှင်ရန်အတွက် လျှပ်စစ်စွမ်းအား၏ အလားအလာကို ပြသခဲ့သည်။ Jedlik ၏မော်တာသည် ယနေ့ခေတ်အင်ဂျင်များနှင့် နှိုင်းယှဉ်ပါက အလွန်ရိုးရှင်းသော်လည်း ၎င်းသည် မော်တော်ကားများကို ရွေ့လျားရန်အတွက် လျှပ်စစ်ကိုအသုံးပြုထားသည်။

၁၈၃၀ ပြည့်နှစ်တွင် စကော့တလန်နိုင်ငံမှ တီထွင်သူ Robert Anderson သည် အားပြန်မသွင်းနိုင်သောဘက်ထရီများဖြင့် မောင်းနှင်သည့် ပထမဆုံးလျှပ်စစ်ရထားကို ဖန်တီးခဲ့သည်။ အခြေခံဖြစ်သော်ငြားလည်း ဤရထားလမ်းသည် လျှပ်စစ်ဓာတ်အား သယ်ယူပို့ဆောင်ရေးအတွက် လုပ်ဆောင်နိုင်ကြောင်း သက်သေပြခဲ့သည်။ ထို့အပြင် အမေရိကန်လူမျိုး Thomas Davenport သည် ဘက်ထရီစွမ်းအင်သုံးစက်ခေါင်းငယ်တစ်ခုကို တည်ဆောက်ခဲ့သည်။ Davenport ၏ တီထွင်မှုသည် အနာဂတ် လျှပ်စစ်ရထားများအတွက် လျှပ်စစ်မော်တာများကို နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုနိုင်ကြောင်း ပြသခဲ့သည်။

၁၈၈၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံမှ တီထွင်သူ Gustave Trouvé သည် ပါရီမြို့ရှိ International Electricity Exhibition တွင် သုံးဘီးတပ် EV ကို မိတ်ဆက်ခဲ့ပြီး ၁၈၈၈ ခုနှစ်တွင် ၎င်း၏ဆန်းသစ်သောဒီဇိုင်းနှင့် ကောင်းမွန်သောစွမ်းဆောင်ရည်ဖြင့် အာရုံစိုက်မှုများစွာရရှိစေသည့် ပထမဆုံး လေးဘီးတပ်လျှပ်စစ်ကားကို ဖန်တီးခဲ့သည်။ ယင်းနှစ်မှာပင် ဂျာမန်အင်ဂျင်နီယာ Andreas Flocken က ပထမဆုံးလျှပ်စစ်ကားကို ဂျာမနီနိုင်ငံ Coburg မြို့တွင် လူသိရှင်ကြား စမ်းသပ်ခဲ့ပါသည်။

အမေရိကန်လူမျိုး William Morrison သည် ၁၈၈၉ ခုနှစ်တွင် Iowa ပြည်နယ် Des Moines မြို့၌ လျှပ်စစ်ကားတစ်စီးကို တည်ဆောက်ခဲ့သည်။ ၎င်းသည် အားပြန်သွင်းနိုင်သောဘက်ထရီများကို အသုံးပြုထားပြီး မိုင် ၂၀ ကျော် မောင်းနှင်နိုင်ကာ အမြင့်ဆုံး မြန်နှုန်း တစ်နာရီလျှင် ခြောက်မိုင်မှ ရှစ်မိုင်အထိ မောင်းနှင်နိုင်သဖြင့် လူစိတ်ဝင်စားမှုများစွာရရှိခဲ့သည်။ ၂၀ ရာစုအစောပိုင်းကာလတွင် Baker Electric၊ Columbia နှင့် Detroit Electric ကဲ့သို့သောကုမ္ပဏီများ ပေါ်ထွက်လာပြီး လျှပ်စစ်ကားလုပ်ငန်းကို လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးဆောင်ရွက်ခဲ့သည်။

၁၉၂၀ ပြည့်နှစ်များတွင် ဓာတ်ငွေ့သုံးကားများ တီထွင်လာခြင်း၊ ကြီးမားသောရေနံသိုက်များနှင့် ပိုမိုကောင်းမွန်သော ဂက်စ်သိုက်များကို ရှာဖွေတွေ့ရှိခြင်း၊ ဓာတ်ဆီဆိုင်များ နေရာတိုင်းတွင်ပေါ်လာပြီး ဆီအမြန်ဖြည့်နိုင်ခြင်းတို့ကြောင့် လျှပ်စစ်ကားများ၏အခန်းကဏ္ဍသည် မှေးမှိန်ခဲ့ရသည်။

ရေနံအကျပ်အတည်းကာလဖြစ်သော ၁၉၇၀ ပြည့်နှစ်ဝန်းကျင်ကာလတွင် အစားထိုးလောင်စာသုံးကားများကို တစ်ဖန်စိတ်ဝင်စားလာကြသည်။ လောင်စာဆီပြတ်လပ်မှု၊ ဈေးနှုန်းကြီးမြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုတို့နှင့်ပတ်သက်၍ စိုးရိမ်မှုများကြောင့် အစိုးရများနှင့် ကားထုတ်လုပ်သူများက ရုပ်ကြွင်းလောင်စာအပေါ် မှီခိုအားထားမှုကိုလျှော့ချရန် နည်းလမ်းအဖြစ် လျှပ်စစ်ကားများကို ပြန်လည်အသုံးပြုရန် ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် သုတေသီများသည် ရွေ့ပြောင်းပုံစံအသစ်များနှင့် စမ်းသပ်မော်ဒယ်များကို တီထွင်ထုတ်လုပ်ခြင်း၊ ပြန်လည်အသက်သွင်းရန် ဘက်ထရီနည်းပညာ၊ အားသွင်းစခန်းများနှင့် တစ်ကြိမ်အားသွင်းနိုင်သည့် အကွာအဝေးကဲ့သို့သော စိန်ခေါ်မှုများကို ဖြေရှင်းခြင်းစသည်ဖြင့် လျှပ်စစ်ကားများကို ဆန်းသစ်တီထွင်မှုများ ပိုမိုလုပ်ဆောင်ခဲ့ကြသည်။

နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လာသည်နှင့်အမျှ ၂၁ ရာစု၏ လျှပ်စစ်ကားလုပ်ငန်းတွင် ဘက်ထရီနည်းပညာ၊ ကားဒီဇိုင်းများနှင့် ပိုမိုကောင်းမွန်သောစွမ်းဆောင်ရည်များ ပေါ်ပေါက်လာခဲ့သည်။ အထူးသဖြင့် လစ်သီယမ်-အိုင်းယွန်း ဘက်ထရီများဖြင့် အားသွင်းနိုင်သော ဘက်ထရီနည်းပညာသည် ကြီးမားသည့်တိုးတက်မှုရှိခဲ့သည်။ ၎င်းဘက်ထရီများသည် စွမ်းအင်ကို ပိုမိုသိမ်းဆည်းနိုင်ပြီး ကြာရှည်ခံကာ မြန်ဆန်စွာအားသွင်းနိုင်သည်။ ထို့ကြောင့် ဘက်ထရီပါဝါသုံးကားများသည် သုံးစွဲသူများကို ပိုမိုဆွဲဆောင်နိုင်ခဲ့သည်။ အဆိုပါ လစ်သီယမ်-အိုင်းယွန်း ဘက်ထရီအောင်မြင်မှုသည် ကျယ်ပြန့်သော EV ကားဈေးကွက်ကို ဖြစ်ပေါ်စေသည်။

၂၀၀၈ ခုနှစ်တွင် Tesla Motors (ယခု Tesla, Inc.) သည် လျှပ်စစ်ကားများ၏ အလားအလာကို ပြသသည့် ဇစ်ပီလျှပ်စစ်ပြိုင်ကား Roadster ကို ဖြန့်ချိခဲ့သည်။ Tesla ၏ နောက်ပိုင်းမော်ဒယ်များဖြစ်သည့် Tesla Model S၊ Tesla Model 3၊ Tesla Model X နှင့် Tesla Model Y တို့သည် လျှပ်စစ်ကားဈေးကွက်ကို လှုပ်ခတ်သွားစေရန် ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး Tesla ၏ ဘက်ထရီနည်းပညာ၊ ဆော့ဖ်ဝဲလ်နှင့် အလိုအလျောက်မောင်းနှင်နိုင်သော အင်္ဂါရပ်များတွင် ဆန်းသစ်တီထွင်မှုများသည် စံအသစ်တစ်ခု သတ်မှတ်ခံခဲ့ရသည်။

EV (Electric Vehicle) ကားများတွင် အကျိုးကျေးဇူးများစွာရှိသည်။ အဓိက အကျိုးကျေးဇူးများမှာ–

**ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးခြင်း။** EV ကားများသည် ဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက် အင်အားဖြစ်စေသော ဓာတ်တိုးမှုများ မထုတ်လွှတ်ပါ။ ထို့ကြောင့် ကာဗွန်ထုတ်လွှတ်ခြင်းကို လျှော့နည်းစေပြီး ပတ်ဝန်းကျင်သက်ရောက်မှုကို ကောင်းမွန်စေပါသည်။

**သဘာဝရင်းမြစ်အသုံးချမှုနည်းပါးခြင်း။** EV ကားများသည် ရုပ်ကြွင်းလောင်စာမလိုအပ်ပါ၊ ထို့ကြောင့် သဘာဝရင်းမြစ်များသုံးစွဲခြင်းကို လျှော့နည်းစေပြီး ကမ္ဘာ့ပတ်ဝန်းကျင်ကို ပိုမိုကာကွယ်ပါသည်။

**၁။ ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ခြင်း**

EV ကားများသည် ဓာတ်ငွေ့ (gas emissions) မထုတ်လွှတ်ပါ၊ အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် (carbon dioxide)၊ နိုက်ထရိုဂျင်အောက်ဆိုက်(nitrogen oxide) နှင့် PM2.5 (fine particulate matter) စသည်တို့ မထုတ်လွှတ်ပါ။ ထို့ကြောင့် လေထုညစ်ညမ်းမှု လျှော့နည်းစေပြီး ပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်နိုင်ပါသည်။

**၂။ ပြန်လည်ပြည့်ဖြိုးမြဲ လျှပ်စစ်စွမ်းအင်ကို အသုံးပြုနိုင်ခြင်း**

EV ကားများသည် လျှပ်စစ်ဓာတ်အားဖြင့် သွားလာမှုကို အခြေခံသည်။ လျှပ်စစ်စွမ်းအားပြန်လည်ပြည့်ဖြိုးပြီး ပတ်ဝန်းကျင်ဆိုင်ရာ ပိုမိုတိုးတက်သော ရင်းမြစ်များမှ ရယူနိုင် (ဥပမာ – နေ၊ လေ၊ ရေစွမ်းအင်)သည်။

**၃။ သဘာဝရင်းမြစ်များကို မထိခိုက်စေခြင်း**

EV ကားများသည် ရုပ်ကြွင်းလောင်စာမလိုအပ်ဘဲ လျှပ်စစ်ဓာတ်အားဖြင့်သာ အလုပ်လုပ်ပြီး အခြားအင်ဂျင်စနစ်နှင့် ဆက်စပ်မှုမရှိပါ။ ထို့ကြောင့် သဘာဝရင်းမြစ်များသုံးစွဲခြင်းကို လျှော့နည်းစေပြီး ကမ္ဘာ့ပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်ပါသည်။

**၄။ သက်သာသောအသုံးစရိတ်**

EVကားများအတွက်လျှပ်စစ်ဓာတ်အားဖြင့်သာ အသုံးပြုခြင်းကြောင့် ကားတစ်စီး၏ အသုံးစရိတ်သည် အခြားမော်တော်ယာဉ်တစ်စီး၏ ဓာတ်ဆီအသုံးစရိတ်ထက် ပို၍သက်သာသည်။ ထို့ပြင် လျှပ်စစ်ကားတစ်စီး၏ ပြုပြင်ထိန်းသိမ်းမှုဈေးနှုန်းလည်းသက်သာပါသည်။

**၅။ အသံညစ်ညမ်းမှု နည်းပါးခြင်း**

EV ကားများသည် စက်သုံးဆီကိုအသုံးပြုခြင်းမရှိသောကြောင့် အသံဆူညံမှုကို လျှော့ချပေးနိုင်သည်။

စာမျက်နှာ ၁၇ သို့ ❍

**❝လျှပ်စစ်ကားများ၏ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် ဘက်ထရီနည်းပညာ၊ မောင်းသူမဲ့ကားများနှင့် ရေရှည်တည်တံ့သော ထုတ်လုပ်ရေးများ၏ တိုးတက်မှုများသည် မော်တော်ယာဉ်လုပ်ငန်းကို ပြောင်းလဲစေနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ (IEA)၏ အဆိုအရ ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် အသားတင်ထုတ်လွှတ်မှု သုညသို့ရောက်ရှိရန်အတွက် သယ်ယူပို့ဆောင်ရေးမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို တစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကျော်လျှော့ချရန် လိုအပ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိလူများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ပိုမိုသိရှိလာပြီး ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်သော သယ်ယူပို့ဆောင်ရေးကို တွန်းအားပေးလာသည်နှင့်အမျှ လျှပ်စစ်ကားများသည် စံနှုန်းတစ်ခုဖြစ်လာဖွယ်ရှိ❞**

# စစ်တွေမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စစ်တွေတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာဖတ်ဝိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ယခုအချိန်တွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် မိမိတို့အပါအဝင် လူတိုင်းက ကြိုးစားကြရန် လိုအပ်ကြောင်းနှင့် မိမိတို့ဖတ်ရှုသိရှိထားသော အသိပညာ၊ ဗဟုသုတများကို ပြန်လည်ဟောပြောပေးခြင်း၊ ဆွေးနွေးခြင်းများကို ဆောင်ရွက်မှသာလျှင် ပညာပြန့်ပွားမှုအကျိုးကို ခံစားရမည်ဖြစ်သည့်အတွက် ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဆွေးနွေးပွဲတွင် စစ်တွေတက္ကသိုလ် မြန်မာစာဌာနမှ နည်းပြ ဒေါ်ထက်ထက်တင်နှင့် ဥပဒေပညာဌာနမှ နည်းပြ ဒေါ်ကြည်သဉ္ဇာနွယ်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးကြပြီး စစ်တွေတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်းအလေ့အထ ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက စစ်တွေတက္ကသိုလ်အတွက် သင်ကြားရေးအထောက်အကူပြု ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသူများအား ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စစ်တွေတက္ကသိုလ်စာကြည့်တိုက်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် စာအုပ်စာစောင်များကို ပြည်နယ်လူမှုရေးရာဝန်ကြီးက ပေးအပ်လှူဒါန်းရာ စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ စာအုပ်စာစောင်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၂၀**

ကယားပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် စီမံကိန်းလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ရေး၊ ပြည်နယ်အတွင်း စီးပွားရေး ပြန်လည်ဖွံ့ဖြိုး တိုးတက်လာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME လုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အခွန်အကောက်များ ပြည့်မီစွာ ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ အသီးသီးတွင် အချိုးညီညီ တိုးတက်ရေး၊ တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြီးကြပ်ဆောင်ရွက်ကြရန်နှင့် မြို့/ရွာများ သန့်ရှင်းသာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



**ဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် စီမံကိန်းလုပ်ငန်းများ ဖော်ဆောင်ထားရှိမှုများ၊ ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# တွံတေးမြို့နယ် ပြည်သူ့ဆေးရုံ၌ "မရှိ၍ မလင်းသူ မရှိစေရ" ကွင်းဆင်းအစီအစဉ် ဆောင်ရွက်

**တွံတေး ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြည်သူ့ဆေးရုံ၌ ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ "မရှိ၍ မလင်းသူ မရှိစေရ" ကွင်းဆင်းအစီအစဉ်ကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကွင်းဆင်းကုသဆောင်ရွက်ပေးသည်။

ကွင်းဆင်းကုသရာတွင် ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့မှ အဆုတ်တီဘီ သံသယလူနာ ၂၅၆ ဦးကို ဓာတ်မှန်ရိုက် စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မျက်စိရောဂါ ပြသကုသသူ စုစုပေါင်း ၂၇၀ ရှိရာ မျက်စဉ်းဆေး ကုသလူနာ ၄၅ ဦး၊ မျက်မှန်တပ်လူနာ ၁၇၆ ဦး၊ ခွဲစိတ်ရန် အတွင်းတိမ်လူနာ ၈၃ ဦးတို့ကို တက္ကသိုလ်များဆေးရုံတွင် ခွဲစိတ်နိုင်ရန် စာရင်းပြုစုထားရှိကာ ရေတိမ်ရောဂါလူနာ ငါးဦးကို ရန်ကုန်မျက်စိဆေးရုံကြီးတွင် ဆက်လက်ကုသနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○ စာမျက်နှာ ၁၆ မှ

**၆။ နည်းပညာဆိုင်ရာ အကျိုးကျေးဇူးများရရှိနိုင်ခြင်း**

EV ကားများတွင် အဆင့်မြင့်နည်းပညာများ ပါဝင်ပြီး ခေတ်မီဆန်းသစ်သောနည်းပညာများ (ဥပမာ - Self-driving features၊ infotainment systems) များ ပါဝင်သောကြောင့် အသုံးပြုသူများအတွက် ကောင်းမွန်သောခံစားချက်ကိုရရှိစေပါသည်။ ထို့ကြောင့် EV ကားအသုံးပြုခြင်းသည် လျှပ်စစ်စွမ်းအင်၊ သဘာဝရင်းမြစ်ကို ကောင်းစွာထိန်းသိမ်းနိုင်ခြင်းနှင့် ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ခြင်းအတွက် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်လာပါသည်။

လျှပ်စစ်ကားများသည် ကျွန်ုပ်တို့၏ကမ္ဘာတွင် ကြီးမားသောပြောင်းလဲမှုကို ပြုလုပ်နေပါသည်။ ၎င်းတို့သည် လေထုညစ်ညမ်းမှုကို လျှော့ချရန်နှင့် ရုပ်ကြွင်းလောင်စာများအပေါ် ကျွန်ုပ်တို့၏ မှီခိုအားထားမှုကိုလျှော့ချရန် ကူညီပေးနေပြီး ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်နှင့် လေကိုသန့်စင်စေရန်အတွက် သတင်းကောင်းဖြစ်သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားသို့ပြောင်းခြင်းသည် စွမ်းအင်သိုလှောင်ရန်နှင့် ကျွန်ုပ်တို့၏ ဓာတ်အားလိုင်းများ ပိုမိုတည်ငြိမ်စေရန်အတွက် အခွင့်အလမ်းများ ပွင့်စေကာ နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များကို အသုံးပြုရန်ပိုမိုလွယ်ကူစေသည်။ ထို့အပြင် လျှပ်စစ်ကားများသည် လောင်စာဆီနှင့် ပြုပြင်ထိန်းသိမ်းမှုစရိတ်စကများအတွက် ငွေကုန်သက်သာပြီး အလုပ်အကိုင်သစ်များ ဖန်တီးပေးကာ စီးပွားရေးကို မြှင့်တင်ပေးပါသည်။ ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ပြည်သူများအား လျှပ်စစ်ကားများ ပြောင်းလဲအသုံးပြုမှုကို အားပေးရန် လုပ်ဆောင်လျက်ရှိရာ လျှော့ဈေးများ၊ အခွန်လျှော့ဈေးများနှင့် လျှပ်စစ်ကားများကို ဝယ်ယူရန် ပိုမိုဆွဲဆောင်လျက်ရှိပြီး အသုံးပြုရလွယ်ကူစေရန်အတွက် အားသွင်းရုံများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ပေးလျက်ရှိသည်။

လျှပ်စစ်ကားများ၏ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် ဘက်ထရီနည်းပညာ၊ မောင်းသူမဲ့ကားများနှင့် ရေရှည်တည်တံ့သော ထုတ်လုပ်ရေးများ၏ တိုးတက်မှုများသည် မော်တော်ယာဉ်လုပ်ငန်းကို ပြောင်းလဲစေနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA)၏ အဆိုအရ ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် အသားတင်ထုတ်လွှတ်မှု သုညသို့ရောက်ရှိရန်အတွက် သယ်ယူပို့ဆောင်ရေးမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို တစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း ကျော်လျှော့ချရန် လိုအပ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ လူများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပိုမိုသိရှိလာပြီး ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်သော သယ်ယူပို့ဆောင်ရေးကို တွန်းအားပေးလာသည်နှင့်အမျှ လျှပ်စစ်ကားများသည် စံနှုန်းတစ်ခုဖြစ်လာဖွယ်ရှိပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက Public Transportation အတွက် ခရီးတိုမြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ယာဉ်များ၊ လျှပ်စစ်ဘတ်စ်ကားများ တင်သွင်းထုတ်လုပ်အသုံးပြုနိုင်ရေး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ဆောင်ရွက်ရန် လမ်းညွှန်ချက်ဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီကို ဖွဲ့စည်းအကောင်အထည်ဖော်ပြီး Pilot Project ကာလသတ်မှတ်ကာ EV ယာဉ်များ တင်သွင်း/ထုတ်လုပ်ရေး၊ အများသုံး Level-3 အဆင့် Charging Station များ တည်ဆောက်ရေး စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေရန် အများပြည်သူသွားလာရေးတွင်အသုံးပြုသည့် အငှားယာဉ်နှင့် ဘတ်စ်ကားများကို လျှပ်စစ်စွမ်းအင်သုံးယာဉ်များအဖြစ် သုံးစွဲခြင်းမှအစပြုကာ ရေရှည်တွင် ပြည်တွင်း၌တပ်ဆင်ထုတ်လုပ်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားအဆင့် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မော်ဖောင်းကျေးရွာအုပ်စု ဒိန်ရှာကွင်းအတွင်း ဆောင်းသီးထပ်ဆီထွက်သီးနှံစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများနှင့်တွေ့ဆုံ



မြစ်ကြီးနား ဇန်နဝါရီ ၂၀

ကချင်ပြည်နယ်၌ မိုးစပါးရိတ်သိမ်းပြီး ရိုးပြတ်ကျန်လယ်များတွင် ဆောင်းသီးထပ် ဆီထွက်သီးနှံ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များသည် ယနေ့တွင် မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ ဒိန်ရှာကွင်းမှ တောင်သူများနှင့် သွားရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် အဆိုပါကွင်းအတွင်းရှိ တောင်သူများက လယ်ကွင်းအတွင်း သီးထပ်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေလိုအပ်ချက်၊ သီးထပ်သီးနှံအတွက် ခြံဝင်းကာရံပေးနိုင်ရေးနှင့် လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး သီးထပ်စိုက်ပျိုးမည့် တောင်သူများအတွက် ဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်မျိုးစေ့အိတ်များ၊ သဘာဝမြေဩဇာအိတ်များကို ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အနေဖြင့် ဒေသတွင်း ဆန်ရိက္ခာဖူလုံသော်လည်း စားဆီဖူလုံမှုတွင် လိုအပ်ချက်များစွာရှိနေသေးပါကြောင်း၊ ယခုနှစ် စိုက်ပျိုးရာသီမှစတင်၍ သီးထပ်စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ လယ်သီးထပ်ဆီထွက်သီးနှံတိုးမြှင့်စိုက်ပျိုးနိုင်ရေး နှစ်အလိုက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် သီးထပ်စိုက်စွမ်းအား ၂၀၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဆောင်ရွက်နိုင်ပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားဆီဖူလုံမှုရှိလာမည်ဖြစ်သည့်အတွက် လိုအပ်သည့် သွင်းအားစုများ ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်သူများနှင့်အတူ လယ်သီးထပ်စိုက်ပျိုးနိုင်ရေး တောင်သူများ၏ လယ်ကွင်းများအတွင်း စက်မှုလယ်ယာဦးစီးဌာနက လယ်ထွန်စက်များဖြင့် ထယ်ရေးထွန်ယက်ပေးနေမှုအခြေအနေများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၏ သီးထပ်အတွက် ဆောင်းဆီထွက်သီးနှံ ပဲပုပ်မျိုးစေ့များ တောင်သူအသိပညာပေးကြဲပက်သရုပ်ပြစိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဘားအံ၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်

ဘားအံ ဇန်နဝါရီ ၂၀

ကရင်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။



ပြည်နယ်အတွင်း ကလေးအလုပ်သမားများ ပပျောက်စေရေးအတွက် မိသားစုအတွင်းရှိ ကလေးသူငယ်များ၏ မိဘများ၊ ဆွေမျိုးသားချင်းများကို အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ကိုယ်ပိုင်လုပ်ကိုင်စားသောက်နေထိုင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းသားများ၏ ဘဝရပ်တည်နေထိုင်ရေးအတွက် အကျိုးဖြစ်စေမည့် သင်တန်းဖြစ်ပြီး သင်တန်းမှ သင်ကြားပို့ချ ပေးလိုက်သော သင်ခန်းစာများကို သေချာစွာ လေ့လာအသုံးချ၍ မိမိဘဝ တိုးတက် အောင်မြင်နိုင်ရေး အတွက် စနစ်တကျ သင်ယူလေ့လာကာ အောင်မြင်သည့် ပန်းတိုင် ရောက်ရှိနိုင်အောင် ကြိုးစား အားထုတ်ကြစေလိုကြောင်း၊ သင်တန်းပြီးစီးပါက သင်ယူရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာနှင့်ကျွမ်းကျင်မှုများကိုအသုံးချပြီး မိမိမိသားစု၊ ရပ်ရွာဒေသ၊ ပြည်နယ်နှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်ကြားပို့ချချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းတွင် သင်တန်းသားဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်သင်တန်းနည်းပြများက အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း ဘာသာရပ်ကို ရက်သတ္တလေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၄၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၀-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁၂-၁-၂၀၂၅ ရက်နေ့ ည ၈:၀၀ နာရီမှ ၁၉-၁-၂၀၂၅ ရက်နေ့ ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၄၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**







# Let's write in English daily, young ones.

# လူငယ်တွေ . . . အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် . . .

စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

## UNIT- 3

ချစ်ခင်မြတ်နိုး တန်ဖိုးထားဖွယ်ရာကောင်းလှသော မြန်မာတေးကဗျာတစ်ပုဒ်ကို ပထမဆုံးပြောချင်ပါသည်။

*လူကလေးရဲ့ ချော့စရာ။*
*မိတ္ထီလာ ကန်တော်အောက်က*
*ဖားကောက်ခဲ့ပါ။*
*ဖားပါရင် တစ်ကောင်ပေး။*
*မျက်လုံးရယ် ကြောင်တောင်တောင်နဲ့*
*ဖားကောင်ကသေး။*
*ကြောင်ကြီးရဲ့ မြီးတံတို။*
*အဆီကိုစားပါလို့ အသားကိုမျို။*
*ကြောင်အိုရယ်ပေမွေး။*
*ကိုက်ပါနဲ့လေး။*

**သားချော့တေးကဗျာ**

မိခင်များက ကလေးသူငယ်များအိပ်ပျော်စေရန် သားချော့တေးကဗျာကို သီဆိုလေ့ရှိကြသည်။မျိုးဆက်များတစ်လျှောက် မြတ်နိုးဖွယ်ရာ သားချော့တေးကဗျာသည် ကလေးဘဝ၏ ချစ်စဖွယ်အမှတ်တရများနှင့် မိခင်နှင့် ကလေးတို့အကြား ချစ်ခင်ရင်းနှီးမှုတို့၏ ပြယုဂ်တစ်ခုဖြစ်သည်။ ကလေးသူငယ်အိပ်ချင်လာအောင် မိခင်ကသီချင်းသီဆို၍ သိပ်ရလေသည်။ ဤတေးကဗျာတွင် နူးညံ့သိမ်မွေ့သောတေးသွားနှင့် နှစ်သိမ့်မှုရှိသော စကားလုံးများပါရှိပြီး ကလေးငယ်အတွက် နွေးထွေးမှုနှင့် လုံခြုံမှုကို ဖန်တီးပေးပါသည်။ကလေးသည် ပုခက်အတွင်းမှနေ၍ မိခင်ရင်တွင်းမှ ရွတ်ဆိုသော တေးကဗျာ (သားချော့တေး)ကို နားဆင်ရင်း တဖြည်းဖြည်း မျက်တောင်စင်းကာ အိပ်ပျော်သွားသည်။

**မြန်မာနိုင်ငံ မိခင်များနေ့**

ဇန်နဝါရီလ ၁၃ ရက်တွင်ကျရောက်ခဲ့သော မြန်မာနိုင်ငံ မိခင်များနေ့ (အမေများနေ့) (Mother's Day)အတွက် ဤသားချော့တေးကဗျာကို ရည်ညွှန်းပြောဆိုလိုပါသည်။

မိခင်များနေ့သည် ကမ္ဘာပေါ်ရှိ မိခင်အားလုံးကို ဂုဏ်ပြုသောနေ့အဖြစ် နှစ်စဉ်မေလဒုတိယပတ် တနင်္ဂနွေနေ့ကို နိုင်ငံအများစုက သတ်မှတ်ကြသည်။ မြန်မာနိုင်ငံတွင်မူ မိခင်များနေ့ကို နှစ်စဉ်ပြာသိုလပြည့်နေ့ (လက်ရှိနှစ် January 13) ၌ ကျင်းပပြုလုပ်ပြီး အမေ့ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ပြောဆိုကြသည်။ စာရေးဆရာ ဒါရိုက်တာ ဦးသုခ၏ ကြိုးပမ်းအားထုတ်မှုအရ ပြာသိုလပြည့်နေ့ကို အမေနေ့အဖြစ် သတ်မှတ်နိုင်ခဲ့သည်။

မိခင်သည် အများအားဖြင့် မိသားစုအတွင်း အိမ်ထောင်စုတာဝန်အများစုကို ထမ်းဆောင်သူဖြစ်သည်။ မိခင်များသည် ကလေးငယ်များ၏ ပညာရေးတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြသည်။ ကလေးငယ်များကို စာဖတ်ခြင်း၊ စာရေးခြင်းနှင့် တွက်ချက်ခြင်းတို့ကို သင်ကြားပေးပြီး ၎င်းတို့၏ စိတ်ဝင်စားမှုများ ဖွံ့ဖြိုးစေရန် ကူညီပေးကြသည်။ ယနေ့ခေတ်တွင် မိခင်များစွာမှာ အလုပ်လုပ်ကြပြီး မိသားစုတာဝန်များကို ခင်ပွန်းနှင့်အတူ ဝေမျှကြသည်။ သို့သော် မိခင်၏အခန်းကဏ္ဍသည် မိသားစုအတွက် အလွန်အရေးကြီးဆဲဖြစ်သည်။

မိခင်၏အခန်းကဏ္ဍသည် ယဉ်ကျေးမှုအလိုက် ကွဲပြားနိုင်သော်လည်း မိသားစု၏ အောင်မြင်မှုအတွက် အလွန်အရေးကြီးလှသည်။မိခင်၏ပေးဆပ်မှုများသည် မကြာခဏ အသိအမှတ်ပြုခြင်းမခံရသော်လည်း သူ၏အခန်းကဏ္ဍသည် မိသားစု၏ အခြေခံကိုတည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

ယခု ရက်သတ္တပတ်တွင် မိခင်တစ်ဦး၏ အခန်းကဏ္ဍအကြောင်း ဂုဏ်ပြုရေးချင်ပါသည်။

**ဤသည်မှာ မိခင်နှင့်ပတ်သက်သောစကားစုများနှင့် အပိုဒ်အချို့ဖြစ်သည်-**

- မိခင်တစ်ယောက်ရဲ့ အချစ်က ခြွင်းချက်မရှိ။
  **A mother's love is unconditional.**
- သားသမီးများကို ချစ်ခင်ကြင်နာစွာ ပြုစုပျိုးထောင် ပေးခဲ့သည်။
  **She nurtured her children with care and affection.**
- မိခင်တစ်ဦး၏ လမ်းညွှန်မှုသည် ဘဝတစ်လျှောက်လုံး အဖိုးမဖြတ်နိုင်ပေ။
  **A mother's guidance is invaluable throughout life.**
- အမေရဲ့ နွေးထွေးတဲ့ ပွေ့ဖက်မှုက ကျွန်တော်/ကျွန်မကို အမြဲတမ်း လုံခြုံမှုကို ခံစားရစေတယ်။
  **My mother's warm embrace always made me feel safe.**
- သူ့ကလေးအပေါ် မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာက တိုင်းတာလို့မရပါဘူး။
  **The love a mother has for her child is immeasurable.**
- မိခင်တစ်ယောက်အနေနဲ့ သူ့မိသားစုအတွက် သူ့ဆန္ဒတွေကို စွန့်လွှတ်ခဲ့တယ်။
  **She set aside her dreams for the sake of her family.**
- မိခင်၏အသံသည် အချိုဆုံးအသံဖြစ်သည်။
  **A mother's voice is the sweetest sound.**
- မိခင်၏ နှစ်သိမ့်ပွတ်သပ်မှုသည် မည်သည့်ဒဏ်ရာကိုမဆို သက်သာစေနိုင်သည်။
  **The comfort of a mother's touch can heal any wound.**
- သားသမီးတွေရဲ့လိုအပ်ချက်တွေကို သူအမြဲ ဦးစားပေးခဲ့တယ်။
  **She always put her children's needs before her own.**
- မိခင်တစ်ယောက်ရဲ့ နှလုံးသားဟာ သူ့သားသမီးတွေနဲ့ ပတ်သက်လာရင် ကန့်သတ်ချက်မရှိပါဘူး။
  **A mother's heart knows no bounds when it comes to her children.**
- သားသမီးတွေကို မေတ္တာ၊ စိတ်ရှည်မှုနဲ့ ဉာဏ်ပညာဖြင့် ပြုစုပျိုးထောင်ခဲ့တယ်။
  **She raised her children with love, patience, and wisdom.**
- မိခင်တစ်ဦး၏ အကြံဉာဏ်ပေးမှုသည် ဘဝတစ်သက်တာ ရတနာတစ်ခု ဖြစ်လာတတ်သည်။
  **A mother's advice often becomes a lifelong treasure.**
- သူသည် ကျွန်ုပ်တို့မိသားစု၏ ကျောရိုးဖြစ်သည်။
  **She is the backbone of our family.**
- မင်းအမေလို မင်းကို ဘယ်သူမှမချစ်ဘူး။
  **No one loves you like your mother does.**
- အခက်ခဲဆုံးအချိန်များတွင်ပင် မိခင်၏ ခံနိုင်ရည်သည် တုနှိုင်းမယှဉ်နိုင်ပါ။
  **A mother's strength is unmatched, even in the toughest times.**
- စိတ်ဓာတ်ကျနေချိန်မှာ သူဟာ ကျွန်တော့်ကို နှစ်သိမ့်ပေးနိုင်တဲ့ နည်းလမ်း အမြဲရှိခဲ့ပါတယ်။
  **She always had a way of comforting me when I was feeling down.**

**စာကြောင်းများအစား ဤကဲ့သို့သော စာပိုဒ်များကိုလည်း ရေးနိုင်ပါသည်။**

A mother's boundless love delivers support, warmth, and guidance, caring for her children deeply. Her selfless ness, strength, and wisdom create a nurturing space, molding their character and boosting their confidence.

A mother's infinite love provides warmth, support, and direction, nurturing her children with tenderness. Her selfless nature, strength, and wisdom establish a safe environment, shaping their character and enhancing their confidence.

# ရေးထုံးအမှန်သိစေဖို့ "ချစ် နှင့် ခြစ်" ကို မှတ်ကြစို့

အင်ကြင်းခိုင်(ရန်ကုန်တက္ကသိုလ်)

**မြန်မာစာသည် ရုံးသုံး၊ ကျောင်းသုံးဘာသာစကားဖြစ်၍ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာစကားနှင့် မြန်မာစာသည် မိမိနိုင်ငံယဉ်ကျေးမှုကို အစဉ်အဆက် ထိန်းသိမ်းလာခြင်းဖြစ်၍ မြန်မာစကားအပြောအဆိုသည် မသုံးမဖြစ်သုံးနေရသည့် ဆက်သွယ်ရေးပစ္စည်းဖြစ်ပါသည်။**

ထိုမျှအရေးပါသည့် မြန်မာစကားနှင့် မြန်မာစာကို ပြောဆိုရေးသားကြရာတွင် စာလုံးပေါင်းသတ်ပုံ၏ အခန်းကဏ္ဍကို ချန်လှပ်ထား၍ မဖြစ်နိုင်ပါ။ သို့ရာတွင် နေ့စဉ်ပြောနေသည့် စကား၊ နေ့စဉ်ရေးနေသည့်စာများမှာ မကြာခဏမှားနေကြသည်ကို တွေ့ရပါသည်။ စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေးနှင့် စပ်လျဉ်း၍ ရှေးမြန်မာမင်းများလက်ထက်ကပင် အရေးတယူဆောင်ရွက်ခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

ယနေ့မျက်မှောက်ခေတ်တွင် စာလုံးပေါင်းသတ်ပုံပြဋ္ဌာန်းကျမ်းလည်း ပေါ်ထွက်လာခဲ့ရာ မှီငြမ်းကိုးကားနိုင်ပြီဖြစ်ပါသည်။ စာလုံးပေါင်းရေးထုံးမှန်ကန်ရေးနှင့်ပတ်သက်၍ အမှားအမှန်သိရှိစေရန် အသံထွက်တူသော်လည်း အရေးအားဖြင့် ယပင့်၊ ရရစ်ကွဲပြားသော **"ခချွေးယပင့်စသတ်ချစ်"** နှင့် **"ခချွေးရရစ်စသတ်ခြစ်"** အကြောင်းကို တင်ပြလိုပါသည်။

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေသည့် မြန်မာအဘိဓာန်စာအုပ်တွင် **"ချစ်"**၏ အဓိပ္ပာယ်သည် မေတ္တာရှိသည်၊ ခင်သည်။ **"ချစ်ခင်"**၏အဓိပ္ပာယ်သည် နှစ်သက်မြတ်နိုးသည်၊ မေတ္တာသက်ဝင်သည်ဟု ဖွင့်ဆိုထားပါသည်။

**"ချစ်ကြိုက်၊ ချစ်ကြင်၊ ချစ်ကြည်၊ ချစ်ကျွမ်းဝင်"** စသည့် စကားလုံးများတွင်ပါသော **"ချစ်"** သည် မေတ္တာသက်ဝင်ချစ်ခင်သည့်အတွက် အဆိုပါစကားလုံးများကို ခချွေးယပင့်စသတ် "ချစ်"ဖြင့် ရေးသားရပါသည်။

"ခချွေးယပင့်စသတ်ချစ်" သည် ချစ်ခင်ခြင်း၊ နှစ်သက်ခြင်း၊ မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်း စသည့် စိတ်ခံစားမှုကိုပေးနိုင်စွမ်းရှိ၍ နာမ်ပိုင်းဆိုင်ရာအသုံးဖြစ်သည်။ "ချစ်"၏ နောက်ထပ်အဓိပ္ပာယ်တစ်မျိုးမှာ "အပူရှိန်ကြီး၍ တူးသည်၊ ကျွမ်းသည်"ဟု အနက်ရပြီး သက်ရှိဖြစ်ဖြစ်၊ သက်မဲ့ဖြစ်ဖြစ် နီးကပ်သည်၊ ပူးကပ်သည်ဆိုသည့်အနက်တွင် သုံးပါသည်။ ထို့ကြောင့် လူတို့ ရင်းနှီးပူးကပ်သွားသည့်သဘောတွင်လည်းကောင်း၊ ဟင်းအိုး၊ ထမင်းအိုး "တူးချစ်"သွား၍ ခွာမရအောင် ကပ်သွားသည့်အခါတွင်လည်းကောင်း ခချွေးယပင့်စသတ် "ချစ်" ကို သုံးရပါသည်။

"ခချွေးရရစ် စသတ်ခြစ်"၏ အဓိပ္ပာယ်ကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့ကထုတ်ဝေသည့် မြန်မာအဘိဓာန်စာအုပ်တွင် **"ခြစ်"** သည် အချောင်းအတံတစ်ခုကို မျက်နှာပြင်တစ်ခုပေါ်တွင် ဖိပွတ်သည်၊ ဖိတိုက်သည်၊ မီးပွင့်မီးတောက်ဖြစ်အောင် လုပ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

အုန်းခြစ်၊ သခွားခြစ်၊ မီးခြစ်တွင်ပါသော ခချွေးရရစ်စသတ် **"ခြစ်"**သည် မျက်နှာပြင်တစ်ခုပေါ်တွင် ပွတ်တိုက်ရသောအရာဖြင့် ဖိပွတ်ပြီး ခွာချခွဲထုတ်ရသည့်သဘောဖြစ်ပါသည်။ သာဓကပြရလျှင် ပေါင်းစုနေသော အရာ၊ အသီး စသည်တို့ကို ခွာချခြင်း၊ ခွဲထုတ်ခြင်းတို့တွင် သခွားသီးခြစ်သည်၊ အုန်းသီးခြစ်သည်ဟု ရေးသားမှသာ သတ်ပုံမှန်ကန်မည်ဖြစ်ပါသည်။

သစ်သားမီးခြစ်ဆံတွင်ပါသော ယမ်းနှင့် သစ်သားမီးခြစ်မျက်နှာပြင်ရှိ ယမ်းကိုဖိပြီး ခြစ်လိုက်သည့်အခါ ခြစ်ထုတ်ခွဲခွာလိုက်ခြင်းဖြင့် မီးတောက်ရလာပါသည်။ ထို့ကြောင့် **"ခချွေးရရစ်စသတ်ခြစ်"** သည် ထင်သာမြင်သာဖြစ်၍ ရုပ်ပိုင်းဆိုင်ရာသဘောဖြစ်သည်။

အဖျားကြီး၍ "ကိုယ်ခြစ်ခြစ်တောက်ပူသည်"၊ နေအလွန်အမင်းပူနေသည်ကို "နေခြစ်ခြစ်တောက်ပူနေသည်" ဟု စာလုံးပေါင်းအမှား ရေးသားနေကြသည်ကို တွေ့ရသည်။ အမှန်မှာ အဖျားအရှိန်၊ နေ၏အပူသည် အပူအားကြီးကာ အားပြင်းလွန်းပြီး လျော့ပါးသွားခြင်းမရှိဘဲ မိမိခန္ဓာကိုယ်ထဲသို့ အပူချိန်ဝင်သွားပြီး ၎င်းအပူနှင့် ခန္ဓာကိုယ်တို့ တွဲကပ်ပူနေသည့်သဘောဖြစ်၍ **"ချစ်ချစ်တောက်ပူသည်"** ဟု ရေးမှသာ မှန်မည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာစာနှင့် မြန်မာစကားတွင် မှားလေ့မှားထရှိသော စာလုံးပေါင်းသတ်ပုံအမှားများစွာအနက် စာလုံးပေါင်းသတ်ပုံမှန်ကန်ဖို့ "ခြစ် နှင့် ချစ်" ရေးထုံးနှင့်ပတ်သက်၍ ကွဲကွဲပြားပြား သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် **ရေးထုံးအမှန်သိစေဖို့ "ချစ် နှင့် ခြစ်" ကိုမှတ်ကြစို့** ဆောင်းပါးကို အမှန်သို့ပြင်စေလိုသော ရည်ရွယ်ချက်ဖြင့် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။



# ကျိုင်းတုံမြို့၌ ပန်းဂေါ်ဖီ(ခေါ်) ပန်းမုန်လာများ ထွက်ပေါ်၍ အကျိုးအမြတ်ရရှိ

**ကျိုင်းတုံ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ မိုင်းလပ်၊ မိုင်းဇင်း၊ ကတ်ထိုက်၊ လွယ်လုံ၊ ကတ်ဖစသည့် ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ပန်းဂေါ်ဖီကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ပန်းဂေါ်ဖီကို ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ဆောင်းရာသီ၌ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ပန်းဂေါ်ဖီကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးကြပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ထွက်ပေါ်ကြောင်း၊ ပန်းဂေါ်ဖီ စိုက်ပျိုးရာတွင် မြေကိုထွန်ယက်၍ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ ထွန်ယက်ခ၊ သယ်ယူပို့ဆောင်ခ၊ သွင်းအားစုနှင့် လုပ်အားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၉ သိန်းခန့် ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် ထွက်ရှိသော ပန်းဂေါ်ဖီများကို ကျိုင်းတုံမြို့မဈေး၊ ယန်းခန်းဈေး၊ နောင်ကွမ်ဈေးတို့သို့ တင်ပို့ရောင်းချကြကြောင်း ပန်းဂေါ်ဖီစိုက် တောင်သူများထံမှ သိရသည်။

# စဉ့်ကိုင်မြို့နယ်၌ ဖူးစားပြောင်း(ဆောင်း)သီးနှံများ စတင်ထွက်ပေါ်ပြီး အရောင်းအဝယ်သွက်

**စဉ့်ကိုင် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်း ဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ဖူးစားပြောင်းသီးနှံကိုလည်း မိသားစုအပိုဝင်ငွေ ရရှိရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာမှ ယခုအချိန်တွင် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ စဉ့်ကိုင်မြို့နယ်တွင် ဖူးစားပြောင်း (ဆောင်း) ၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုချိန်တွင် ဖူးစားပြောင်း (ဆောင်း)သီးနှံများ စတင် ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။



**တွက်ခြေကိုက်သည့် သီးနှံဖြစ်**

ဖူးစားပြောင်း (ဆောင်း)ကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုး၍ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ထွက်ပေါ်ကြောင်း၊ ဖူးစားပြောင်း (ဆောင်း)ကို ယာမြေနှင့် ဥယျာဉ်ခြံမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး ထိုင်ဝမ်များကို အများဆုံး စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ လက်ကားဈေးကွက်အနေဖြင့် မန္တလေးမြို့သို့ တိုက်ရိုက် ရောင်းချကြသည့်အပြင် ပွဲစားများကလည်း စိုက်ခင်းအထိ လာရောက်ဝယ်ယူကာ ကျောက်ဆည်နှင့် မန္တလေးမြို့တို့သို့ ရောင်းချကြပြီး တောင်သူများက ရန်ကုန်-မန္တလေး လမ်းဘေးတွင်လည်း လက်လီရောင်းချကြကြောင်း၊ ထိုင်ဝမ်သကြားပြောင်းဖူးမှာ လူကြိုက်များသောကြောင့် ဈေးကွက်တွင် အရောင်းအဝယ် သွက်လျက်ရှိပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ ဖူးစားပြောင်း စိုက်ပျိုးခြင်းဖြင့် ကျွဲ၊ နွား အစာများအဖြစ် ပြောင်းရိုးများကိုလည်း ပြန်လည်ရောင်းချရသည့်အပြင် ကာလတိုသီးနှံဖြစ်သည့်အတွက် တွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း သိရသည်။

# ငါန်းဇွန်မြို့နယ်၌ ပဲစင်းငုံများ စတင်ရိတ်သိမ်းလျက်ရှိ

**ငါန်းဇွန် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်း ဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ သရက္ကန်၊ တမာပင်ကြီး၊ စီထိန်း၊ ငါန်းလွန့်၊ တောင်လယ်တောနှင့် ဂျိုစသည့် ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံသီးနှံကို အဓိက စိုက်ပျိုးကြကြောင်း၊ ငါန်းဇွန်မြို့နယ်၌ ပဲစင်းငုံသီးနှံစိုက်ပျိုးရန် ဧက ၃၀၃၀၀ လျာထားခဲ့ရာ ၃၃၃၈၈ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရပြီး ပဲစင်းငုံသီးနှံများမှာ ဇန်နဝါရီလ ပထမပတ်မှစတင်၍ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို ဇွန်လနှင့် ဇူလိုင်လတို့တွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ ရှိပြီး သီးညှပ်စိုက်ပျိုးမှုကိုသာ စိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံအနီမျိုးများကို စိုက်ပျိုးကြပြီး မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၅တင်း၊ ၇တင်းခန့် ထွက်ရှိပြီး မြေအနေအထားနှင့် သီးနှံအထွက်နှုန်းအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးမြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချကြကြောင်း သိရသည်။



**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

**၂၀-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇီနိ | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၀၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၄၅၀၀ | ၄၈၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၅ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၅၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၆၀၀၀ | ၄၄၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၉၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၉၇၅ | ၁၅၄၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၄၀၀ | ၇၇၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၉၇၅ | ၁၅၆၀၀ | ၄၀၀၀ | ၁၆၄၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၈၅၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၇၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၈၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုအစီအစဉ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ မွန်တိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် **"သံစဉ်ချိုမြ ရာမညအလှ"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၄-၁-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ
"သံစဉ်ချိုမြ ရာမညအလှ" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သုဝဏ္ဏဘူမိ သထုံပြည် | တိုင်းရင်းသားအဆိုရှင် |
| ၂။ | မွန်တို့ဂုဏ်ရည် | တိုင်းရင်းသူအဆိုရှင် |
| ၃။ | ရာမညသားသို့ မေတ္တာမှာတမ်း | တိုင်းရင်းသားအဆိုရှင် |
| ၄။ | လာလည်ပါလေ ရာမညမြေ | တိုင်းရင်းသူအဆိုရှင် |
| ၅။ | သာယာလှပေရေးမြို့မွန်ဌာနေ | တိုင်းရင်းသားအဆိုရှင် |
| ၆။ | ရာမည ဖိတ်စာ | တိုင်းရင်းသားအဆိုရှင် |
| ၇။ | စောင့်မျှော်လျက်ပါ ချစ်သူငယ်ချင်း | တိုင်းရင်းသူအဆိုရှင် |
| ၈။ | ရိုးဂိုးဘုရားပွဲအမီ | တိုင်းရင်းသားအဆိုရှင် |
| ၉။ | ပန်းတိုင်အရောက်ဆီတို့တူညီ | တိုင်းရင်းသူအဆိုရှင် |
| ၁၀။ | တို့ရဲ့မွေးမြေ မွန်ဌာနေ | တိုင်းရင်းသားအဆိုရှင် |
| ၁၁။ | ပြည်ထောင်စုခရီးနီးစေသား | Group Song |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၃)၊ ဦးပိုင်အမှတ်(၁၉ + ၂၀ + ၂၁ + ၂၂ + ၂၃ င + ၃၁) မြေကွက်များမှာ ဦးအောင်သိန်းပါ (၅)ဦးအမည်ပေါက်သော မြေကွက်များ ဖြစ်ပါသည်။ ဦးအောင်သိန်းနှင့် ဇနီး ဒေါ်တင်တော့ ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၇၆၂/၂၀၀၈ အရ သားသမီးများဖြစ်သော ဒေါ်ကြူကြူ၊ ဦးအေးကိုနှင့် ဒေါ်ခင်ခင်ပြုံးတို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါမြေကွက်များထဲမှ ဦးပိုင်(၁၉)၊ ဧရိယာ (၀.၀၆၄၃) ဧကနှင့် ခွဲကျန်ဧရိယာများဖြစ်သော ဦးပိုင် (၂၀-ခ)၊ ဧရိယာ (၀.၀၃၃၂) ဧက၊ ဦးပိုင်(၂၁-ဃ)၊ ဧရိယာ(၀.၀၂၅၁)၊ ဦးပိုင်(၂၂-ဃ)၊ ဧရိယာ (၀.၀၁၄၈)၊ ဦးပိုင်(၂၃-ဈ)၊ ဧရိယာ(၀.၀၁၈၅)၊ ဦးပိုင် (၃၁-ခ)၊ ဧရိယာ(၀.၀၂၈၇)ဧက အကျယ်အဝန်းရှိ မြေကွက်များပေါ်တွင် UTOPIA Construction & Home Decoration မှ လိုင်စင်ရကန်ထရိုက်တာ ဦးဇော်လတ်ထွန်း [၁၂/မဂတ(နိုင်) ၀၇၉၃၉၈] လိုင်စင်အမှတ်-LC-၁၀၄၅ နှင့် မြေပိုင်ရှင်များ အကျိုးတူပူးပေါင်း၍ လူနေတိုက်ခန်းများ ဆောက်လုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက မြေပိုင်ရှင်များနှင့် UTOPIA Construction & Home Decoration တို့ပူးပေါင်း၍ လူနေတိုက်ခန်းများ ဆောက်လုပ်မည့်ကိစ္စအား စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း UTOPIA Construction & Home Decoration ၏ အကြီးတန်းလိုင်စင်ရကန်ထရိုက်တာ ဦးဇော်လတ်ထွန်း [၁၂/မဂတ(နိုင်) ၀၇၉၃၉၈] (လိုင်စင်အမှတ်၊ LC-၁၀၄၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဇော်လတ်ထွန်း (LC - ၁၀၄၅)**
**[၁၂/မဂတ(နိုင်)၀၇၉၃၉၈]**
**အမှတ်(၄၀၆)၊ သိမ်ဖြူလမ်း၊**
**ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၆၉၈၄/၀၂)**
**အမှတ်-၁၄၂၊ ပထမထပ်၊**
**၃၉-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၃၀၅၅၅၀**

## ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက် လေလံဈေးပြောင်းခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်ပိုင်မြေ အမှတ် (၁) ရပ်ကွက်၊ ရန်ကုန်-မန္တလေး လမ်းဟောင်းဘေး၊ ရေတာရှည်မြို့ရှိ မြေ(၀.၀၅၄)ဧက(၅၄' x ၇၈')၊ အဆောက်အဦ(၄၃' x ၃၁' ၈") နှင့် ဘိုးတော်ကုန်းရပ်၊ ရန်ကုန်-မန္တလေး လမ်းဟောင်းဘေး၊ ရေတာရှည်မြို့ရှိ မြေ(၀.၀၃၂၅)ဧက (၁၁၅'x၈၀')အား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - | (၂၁-၁-၂၀၂၅)ရက်မှ (၂၇-၁-၂၀၂၅)ရက်ထိ |
| လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက် | - | (၂၇-၁-၂၀၂၅)ရက် (၁၆:၀၀)နာရီ |
| လေလံလျှောက်လွှာ ရောင်းချမည့်နေရာ | - | မြို့နယ်သမဝါယမဦးစီးဌာန၊ မြဝတီလမ်း အမှတ်(၃)ရပ်ကွက်၊ ရေတာရှည်မြို့ |

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင် ထုခွဲရောင်းချရေးအဖွဲ့/ အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် (၂၇-၁-၂၀၂၅)ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ မြို့နယ်သမဝါယမဦးစီးဌာန၊ ရေတာရှည်မြို့နေရာတွင် နောက်ဆုံးထား ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့်နောက်နေ့ (၂၈-၁-၂၀၂၅)ရက် (၁၀:၀၀)နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း - ၀၉-၆၈၁၂၈၁၃၆၀၊ ၀၉-၆၈၇၂၃၄၆၆၅

**လေလံထုခွဲရောင်းချရေးအဖွဲ့**


**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# အာဆီယံကလပ်ပြိုင်ပွဲ ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်းကစားရမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၄)ကို ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက် အသင်းသည် အိမ်ကွင်းကစားရမည် ဖြစ်သည်။



အာဆီယံကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ရှမ်းယူနိုက်တက်အသင်း။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲကိုလည်း အိမ်ကွင်း ကစားရမည်ဖြစ်ပြီး ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် ဇန်နဝါရီ ၂၂ ရက် ညနေ ၆ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် အုပ်စုသုံးပွဲဆက်တိုက် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် ယခုရာသီတွင် ယှဉ်ပြိုင်နေသည့် နိုင်ငံတကာပြိုင်ပွဲနှစ်ခုအနက် AFC Challenge League ပြိုင်ပွဲတွင် ကွာတားဖိုင်နယ် တက်ရောက်သွားသော်လည်း အာဆီယံကလပ်ပြိုင်ပွဲတွင် ရုန်းကန်နေရခြင်း ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် အာဆီယံကလပ် ပြိုင်ပွဲတွင် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားကလပ် မာကာဆာအသင်းကို အဝေးကွင်း၌ လေးဂိုး-သုံးဂိုး၊ မလေးရှားကလပ် တီရန်ဂါနူးအသင်းကို အိမ်ကွင်း၌ ငါးဂိုးပြတ် အရေးနိမ့်ထားသည်။ ရှမ်းယူနိုက်တက် အသင်းနှင့် ကစားရမည့် BG ပါသွန်ယူနိုက်တက်အသင်းတွင် ချာနာသစ်ဆောင်ခရာဆင်၊ တီယာဆေးလ်ဒန်ဒါ အပါအဝင် ထိုင်းလက်ရွေးစင် ကစားသမားများ၊ နိုင်ငံခြားသားကစားသမား ကိုးဦးအထိ ပါဝင်ကစားလျက်ရှိသည်။

သုံးပွဲစီကစားအပြီးတွင် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းက ငါးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

# MNL ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း ဒုတိယပိုင်းသွင်းဂိုးဖြင့် အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) စတုတ္ထနေ့ကို ဇန်နဝါရီ ၂၀ ရက်က YUSC ကွင်း၌ကျင်းပရာ သစ္စာအားမာန် အသင်းက ရေဝတီယူနိုက်တက် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။



သစ္စာအားမာန်အသင်းနှင့် ရေဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

တန်းဆင်းဇုန်အပေါ်တွင် ရမှတ်တူရပ်တည်နေသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး သစ္စာအားမာန် အသင်းက ဒုတိယပိုင်းသွင်းဂိုးဖြင့် အနိုင်ရကာ တန်းဆင်းဇုန် အန္တရာယ်မှ ရုန်းထွက်နိုင်ရန် အခြေအနေ ကောင်းသွားခဲ့သည်။ ရေဝတီ ယူနိုက်တက်အသင်းသည် ပထမအကျော့တွင် အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် အရေးနိမ့်ပြီး အဆင့် ၁၀ နေရာတွင် ဆက်လက် ရပ်တည်နေကာ လက်ကျန်ပွဲများတွင် အမှတ်ရရန် ရုန်းကန်ရမည်ဖြစ်သည်။

နှစ်သင်းစလုံး အမှတ်လိုနေသဖြင့် လူစုံအသုံးပြုခဲ့ပြီး အပြန်အလှန် တိုက်စစ်ဆင်နိုင်ခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသော်လည်း ၅၉ မိနစ်တွင် သစ္စာအားမာန်အသင်း အနိုင်ဂိုးရခဲ့ပြီး နိုင်ဝင်းထွန်းက သွင်းယူခဲ့ခြင်း ဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရေဝတီ ယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းသော်လည်း သစ္စာအားမာန်အသင်းက အနိုင်ရလဒ်ထိန်းကစားခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန် အသင်းခေါင်းဆောင် စောထူးဖွယ်မှူးကရရှိသည်။ ယခုပွဲအပြီးတွင် သစ္စာအားမာန်အသင်းက ၁၆ ပွဲကစား ၁၄ မှတ်၊ ရေဝတီယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၁၁ မှတ် ရရှိထားသည်။

### ယှဉ်ပြိုင်ကစားမည်

ပွဲစဉ် (၁၆) နောက်ဆုံးနေ့အဖြစ် ဇန်နဝါရီ ၂၁ ရက်တွင် YUSC ကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

# အစ်ဆွစ်အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရပြီး မန်စီးတီးအသင်း ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၄)နေရာ တက်လှမ်း

အစ်ဆွစ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ဇန်နဝါရီ ၁၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၂)မှာ အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့ မန်စီးတီးအသင်းက အစ်ဆွစ်အသင်းကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်( ၄) နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်း အတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၇ မိနစ်နဲ့ ၄၂ မိနစ်မှာ ဖီးလ်ဖိုဒန်က နှစ်ဂိုး၊ မိနစ် ၃၀ မှာ ကိုဗာဆစ်ကတစ်ဂိုး၊ ၄၉ မိနစ်မှာ ဒိုကူကတစ်ဂိုး၊ ၅၇ မိနစ်မှာ ဟာလန်းကတစ်ဂိုးနဲ့ ၆၉ မိနစ်မှာ မက်တီးကတစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ အတူ သွင်းဂိုးတွေ သွင်းယူနိုင်ခဲ့တဲ့ ဖီးလ်ဖိုဒန်၊ ကိုဗာဆစ်နဲ့ ဒိုကူတို့ဟာ ကိုယ်တိုင်ဂိုးသွင်းယူနိုင်ခဲ့သလို အခြားကစားသမားတွေ ဂိုးသွင်းနိုင်အောင်လည်း ဂိုးဖန်တီးမှုတွေ ပြုလုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ လေးပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အဲဒီငါးပွဲမှာ သွင်းဂိုး ၂၂ ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။



အစ်ဆွစ်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မန်စီးတီးအသင်းဟာ အစ်ဆွစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ထိပ်ဆုံးက လီဗာပူးအသင်းနဲ့ ၁၂ မှတ်အကွာ ရမှတ် ၃၈ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပေမယ့် အစ်ဆွစ်အသင်းကတော့ ရမှတ် ၁၆ မှတ်နဲ့ အမှတ်ပေးဇယားရဲ့ တန်းဆင်းဇုန်အတွင်းမှာပဲ ရပ်တည်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သူနာပြု/သားဖွား သင်တန်းကျောင်းများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ်ရာထူးနေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၉၅) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ခ) | လုပ်သား (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၇၃) နေရာ | အခြေခံပညာ အလယ်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| (ဂ) | အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၅၅) နေရာ | အခြေခံပညာ အလယ်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| (ဃ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၄၈) နေရာ | အခြေခံပညာ အလယ်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| (င) | ရုံးအကူ /စာပို့ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၃၆) နေရာ | အခြေခံပညာ အလယ်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-
(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်(ရက်၊လ၊ခုနှစ်)
(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။
(ဆ) ပညာအရည်အချင်း(ရရှိသည့်ဘွဲ့၊ခုနှစ်၊တက္ကသိုလ်)
(ဇ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာ
(ဈ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူအောက်ပါအချက်အလက်များပြည့်စုံစွာပူးတွဲပေးပို့ရမည်-
(က) ပညာအရည်အချင်းထောက်ခံချက်
(၁) အမှတ်စဉ်(က)အတွက်ဘွဲ့လက်မှတ်ထောက်ခံချက်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ
(၂) အမှတ်စဉ်(ခ)မှ(င)ထိအတွက် အခြေခံပညာအလယ်တန်း အောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ
(ခ) တာဝန်ကျရာမည်သည့်ဒေသတွင် မဆိုသွားရောက် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်
(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်(Dismissal)ခြင်း၊ ရာထူးမှထုတ်ပယ် (Removal)ခြင်းခံရသူများ၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေမှုမရှိသော နိုင်ငံ့ဝန်ထမ်း (Disloyalty Civil Servant-DCS)များ လျှောက်ထားခွင့်မရှိပါ။
(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်းကိုယ်တိုင်ကတိခံဝန်ချက်
(င) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် အလုပ်သမား မှတ်ပုံတင်ကတ်ပြား မိတ္တူ၊လျှောက်လွှာ မတင်မီရက်သတ္တပတ်(၂)ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်း
(စ) တစ်လအတွင်း ရိုက်ထားသောပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ၊ ဓာတ်ပုံကျောဘက် တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်
(ဆ) ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၂)နှစ်တိတိ တာဝန်ထမ်းဆောင်ပါ မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့် (၂၁-၂-၂၀၂၅)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

၆။ လျှောက်လွှာများကို (၂၁-၂-၂၀၂၅)ရက်နေ့၊ (၁၆:၃၀)နာရီ နောက်ဆုံးထား၍-
(၁) ကချင်ပြည်နယ်အတွင်းရှိမြစ်ကြီးနား၊သူနာပြု/သားဖွားသင်တန်းကျောင်းများအတွက် လျှောက်ထားလိုပါက **ကျောင်းအုပ်ကြီး၊ သူနာပြုသင်တန်းကျောင်း၊ မြစ်ကြီးနားမြို့**သို့ လိပ်မူ၍လည်းကောင်း၊
(၂) ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်၊သူနာပြုသင်တန်းကျောင်းအတွက် လျှောက်ထားလိုပါက **ကျောင်းအုပ်ကြီး၊သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊လွိုင်ကော်မြို့**သို့ လိပ်မူ၍ လည်းကောင်း၊
(၃) ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊သားဖွားသင်တန်းကျောင်းအတွက် လျှောက်ထားလိုပါက **ကျောင်းအုပ် ၊ သားဖွားသင်တန်းကျောင်း၊ ဘားအံမြို့**သို့ လိပ်မူ၍လည်းကောင်း၊
(၄) ချင်းပြည်နယ်အတွင်းရှိ ဖလမ်း၊ သူနာပြုသင်တန်းကျောင်းအတွက် လျှောက်ထားလိုပါက **ကျောင်းအုပ်၊ သူနာပြုသင်တန်းကျောင်း၊ ဖလမ်းမြို့**သို့ လိပ်မူ၍လည်းကောင်း၊
(၅) မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်၊ သူနာပြု/သားဖွားသင်တန်းကျောင်းအတွက်လျှောက်ထားလိုပါက **ကျောင်းအုပ်ကြီး၊ သူနာပြုသင်တန်းကျောင်း၊ မော်လမြိုင်မြို့**သို့ လိပ်မူ၍ လည်းကောင်း၊
(၆) ရှမ်းပြည်နယ်အတွင်းရှိဆေးတက္ကသိုလ်၊ တောင်ကြီးနှင့် တောင်ကြီး၊ သူနာပြု/သားဖွား သင်တန်းကျောင်းများအတွက် လျှောက်ထားလိုပါက **ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊ တောင်ကြီး**သို့ လိပ်မူ၍လည်းကောင်း၊
(၇) စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊သူနာပြုသင်တန်းကျောင်းအတွက် လျှောက်ထားလိုပါက **ကျောင်းအုပ်ကြီး၊ သူနာပြုသင်တန်းကျောင်း၊ မုံရွာမြို့**သို့ လိပ်မူ၍ လည်းကောင်း၊ ရွှေဘို၊ သူနာပြုသင်တန်းကျောင်းအတွက် လျှောက်ထားလိုပါက **ကျောင်းအုပ်ကြီး၊ သူနာပြု သင်တန်းကျောင်း၊ရွှေဘိုမြို့**သို့ လိပ်မူ၍လည်းကောင်း၊
(၈) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ သူနာပြုသင်တန်းကျောင်းအတွက် လျှောက်ထားလိုပါ **ကျောင်းအုပ်ကြီး၊ သူနာပြုသင်တန်းကျောင်း၊ထားဝယ်မြို့**သို့ လိပ်မူ၍ လည်းကောင်း၊ မြိတ်၊ သားဖွားသင်တန်းကျောင်းအတွက် လျှောက်ထားလိုပါက **ကျောင်းအုပ်၊ သားဖွားသင်တန်းကျောင်း၊ မြိတ်** သို့ လိပ်မူ၍လည်းကောင်း၊
(၉) ပဲခူးတိုင်းဒေသကြီးအတွင်းရှိ (ပဲခူး၊တောင်ငူ၊ပြည်) သူနာပြု/ သားဖွားသင်တန်းကျောင်းများအတွက် လျှောက်ထားလိုပါက **ကျောင်းအုပ်၊ သားဖွားသင်တန်းကျောင်း၊ ပဲခူးမြို့**သို့ လိပ်မူ၍ လည်းကောင်း၊
(၁၀) မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆေးတက္ကသိုလ်၊မကွေး၊ အခြေခံကျန်းမာရေးတက္ကသိုလ် မကွေးနှင့် (မကွေး၊ပခုက္ကူ) သူနာပြု/သားဖွားသင်တန်းကျောင်းများအတွက် လျှောက်ထားလိုပါက **ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊ မကွေး**သို့ လိပ်မူ၍လည်းကောင်း၊
(၁၁) မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးတက္ကသိုလ်၊ မန္တလေး၊ (သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်)ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် (မန္တလေး၊ ပြင်ဦးလွင်)သူနာပြု/သားဖွားသင်တန်းကျောင်းများအတွက် လျှောက်ထားလိုပါက **ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊ မန္တလေး** သို့ လိပ်မူ၍လည်းကောင်း၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ (သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်) ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သူနာပြု/သားဖွားသင်တန်းကျောင်းများအတွက် လျှောက်ထားလိုပါက **ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**သို့ လိပ်မူ၍လည်းကောင်း၊
(၁၃) ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ (ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ) သူနာပြု/သားဖွားသင်တန်း ကျောင်းများအတွက် လျှောက်ထားလိုပါက **ကျောင်းအုပ်ကြီး၊သူနာပြုသင်တန်းကျောင်း၊ ပုသိမ်မြို့**သို့ လိပ်မူ၍ လည်းကောင်း၊
(၁၄) ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ သူနာပြု/သားဖွားသင်တန်းကျောင်းများအတွက် လျှောက်ထားလိုပါက **ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)**သို့ လိပ်မူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီး ပေးပို့ရောက်ရှိလာသော လျှောက်လွှာများကို **လုံးဝ(လုံးဝ)** ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုရမည့်သူစာရင်းနှင့်ဖြေဆိုရမည့် နေ့ရက်၊အချိန်၊နေရာတို့ကို လျှောက်လွှာတင်သွင်းထားသည့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သူနာပြု/သားဖွားသင်တန်းကျောင်းများ၏ ကြော်ငြာသင်ပုန်းများတွင် ကြေညာထားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဖုန်းနံပါတ်-၀၆၇-၃၄၁၁၂၃၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်(၄၀၂)၊ အနောက်-၄-လွှာ (ဘီ)ခေါင်းရင်းခန်း၊ (၁၁)ပေx(၄၈)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်သော ဒေါ်အိအိမိုး [၁၂/အစန(နိုင်)၁၉၃၈၂၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးမြင့် [၁၂/အစန(နိုင်)၁၇၇၂၄၅] မှ ဝယ်ယူ၍ တစ်ဦးတည်း လက်ရှိပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါတိုက်ခန်း၏ လက်ရှိတရားဝင်ပိုင်ရှင်မှာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်စိုးစိုးမြင့် တစ်ဦးတည်းသာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြမြတ်မိုး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၅၇၃)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း - ၀၉-၉၈၄၇၃၁၅၃၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ မြေကွက်အမှတ်-ကစ-၂၂ ခေါ်တွင်သော အလျား ၄၀ ပေ x အနံ ၆၀ ပေရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဝဏ္ဏထွန်း [၁၂/ထတပ(နိုင်)၀၇၉၃၁၀] တစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် ဦးမာမက်ယူနွတ် [၁၂/ပဘတ(နိုင်)၀၂၄၂၄၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမာမက်ယူနွတ်** | **ဦးနေလင်းအေး(LLB,DBL,DIL)** |
| **[၁၂/ပဘတ(နိုင်)၀၂၄၂၄၂]** | **အထက်တန်းရှေ့နေ (စဉ်-၃၃၅၂၄)** |
| | **ရက်စွဲ (၁၄-၆-၂၀၁၀)** |
| | **အမှတ်(၃၂)၊ ဗိုလ်ညာဏ(၃)လမ်း၊** |
| | **မရမ်းကုန်း(၅)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၉၀၀၈၉၈၆** |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဆွာလမ်းဆုံနှင့် မြို့မဈေးကြား၊ ယခင် ဘူးကွဲရွာဟောင်း၊ (၃၁)ကေအကျယ်မြေနေရာတွင် သုခတော်ဝင်အိမ်ရာအပိုင်း(၂) ဆောက်လုပ်ခြင်းလုပ်ငန်းများမှ 4U5S (3 Bed) သံကူကွန်ကရစ်အဆောက်အဦ(၁၂)လုံး၊ (1092 Sqft)၊ အိမ်ခန်း(၂၄၀)ခန်း ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် အောက်ပါ Lot များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot နံပါတ် | အဆောက်အဦ အမျိုးအစား | အဆောက်အဦ အမှတ် | အရေအတွက် |
|---|---|---|---|---|
| (က) | Lot 1 | 4U5S (3 Bed) | 2A-1, 2A-2 | (၂) လုံး |
| (ခ) | Lot 2 | 4U5S (3 Bed) | 2A-3, 2A-6 | (၂) လုံး |
| (ဂ) | Lot 3 | 4U5S (3 Bed) | 2A-4, 2A-5 | (၂) လုံး |
| (ဃ) | Lot 4 | 4U5S (3 Bed) | 2A-7, 2A-8 | (၂) လုံး |
| (င) | Lot 5 | 4U5S (3 Bed) | 2A-9, 2A-10 | (၂) လုံး |
| (စ) | Lot 6 | 4U5S (3 Bed) | 2A-12, 2A-13 | (၂) လုံး |

၂။ တင်ဒါပုံစံဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-
(က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - (၂၄-၁-၂၀၂၅)ရက်နေ့
(ခ) တင်ဒါပိတ်မည့်ရက် - (၇-၂-၂၀၂၅) ရက်နေ့၊ (၁၆:၀၀)နာရီ
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအားသိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-
(က) စုံစမ်းရန် နေရာ/ဌာန/ ဆက်သွယ်ရန်ဖုန်း - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၀၆၇-၈၁၀၈၂၁၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တိုက်အမှတ်(၁၃၁)ပေါ်တွင် ဆောက်လုပ်ထားသည့် (၇)ထပ်တိုက်အဆောက်အဦရှိ အခန်းအမှတ်(၆-လွှာ/B/ခြေရင်းခန်း)ဟုခေါ်တွင်သော (အလျား ၁၂ ပေ၊ ၆ လက်မ x အနံ ၅၅ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ရရှိဝယ်ယူပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ခင်ခင်ဝင်း [၁၀/မလမ (နိုင်)၁၄၈၇၄၃]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငုဝါထွန်း (LL.B, M.B.L, D.B.L, D.I.R)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၃၀/၁၃)**
**အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၂၃၁၃၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/B၊ မြေကွက်အမှတ်-၂၀၅/A၊ ဧရိယာ(၀.၁၀၅)ဧကအကျယ်အဝန်းရှိ ဦးကျော်နိုင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်သူဖြစ်သော ဦးကျော်နိုင်[၁၂/ဗတထ(နိုင်)၀၁၆၉၂၄]က တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်းအမှတ်-(၅)၊ ပထမထပ်၊ Strand Condo၊အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း-၀၉-၄၅၀၀၃၉၂၁၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ ထန်းတပင်လမ်း၊ အမှတ်(၇၂၇)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ မြေကွက်အမှတ် (၇၂၇)၊ ဧရိယာ (၀.၀၅၅) ဧကအကျယ်ရှိ ဦးအောင်နိုင်ဦး (၁၂/ဗဟန(နိုင်)၀၀၃၄၃၁) အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်နိုင်ဦး (၁၂/ဗဟန(နိုင်)၀၀၃၄၃၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နှင်းနုလွင်**
(LL.B, D.B.L, D.I.L) (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)
အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၃)၊ ဈေးချိုအရှေ့၊ ဦးပိုင်အမှတ်(၉၅/ဆ)၊ ဧရိယာ(၀.၆၆)ဧကနှင့် အကွက်အမှတ်(၉၃)၊ ဈေးချိုအရှေ့၊ ဦးပိုင်အမှတ်(၉၅/ယ)၊ ဧရိယာ (၀.၂၃)ဧကရှိ ဘိုးဘွားပိုင်မြေကွက်အား ဦးအောင်ဝင်း၊ ဒေါ်ငြိမ်းငြိမ်းထိုက်အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ခင်လှမြင့်သည် ဦးအောင်ဝင်း၊ ဒေါ်ငြိမ်းငြိမ်းထိုက်တို့ထံမှ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်အမှတ်-၂၄၁/၂၀၂၃ ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် ဤရုံးသို့ တင်ပြလျှောက်ထားလာပါသဖြင့် ၎င်း၏လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း မော်လမြိုင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရရှိပါက ဒေါ်ခင်လှမြင့်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ၂''x ၂'' အရွယ် မြန်မာ့ရိုးရာလက်မှု ရွှေရာဆိုင်း (၁၀၀၀၀)ဆိုင်းနှင့် စက်မှုရွှေရာဆိုင်း (၇၅၀၀)ဆိုင်း ဝယ်ယူရန်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ၂၀၂၅ ခုနှစ်အတွင်း ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်းများတွင်အသုံးပြုရန် ၂''x၂''အရွယ် မြန်မာ့ရိုးရာလက်မှုရွှေရာဆိုင်း (၁၀၀၀၀)ဆိုင်းနှင့် စက်မှုရွှေရာဆိုင်း (၇၅၀၀)ဆိုင်းကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ ရွှေဆိုင်းရောင်းချလိုသူများအနေဖြင့် ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀,၀၀၀/-နှုန်းဖြင့် (၂၃-၁-၂၀၂၅)ရက်နေ့မှ(၃၀-၁-၂၀၂၅)ရက်နေ့အထိ ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ ရွှေဆိုင်းတင်ဒါဖွင့်ဖောက်ရွေးချယ်ခြင်းကို ၁၃-၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့) မွန်းလွဲ(၁၃:၀၀) နာရီအချိန်တွင် ရင်ပြင်တော် တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ပြုလုပ်ပါမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၁-၃၇၅၇၆၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တိုက်အမှတ်(၁၂၉) ပေါ်တွင် ဆောက်လုပ်ထားသည့် ( ၈ )ထပ်တိုက်အဆောက်အဦရှိ အခန်းအမှတ်( ၇-လွှာ )ဟု ခေါ်တွင်သော (အလျား၂၅ပေxအနံ၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် ကိုယ်ပိုင် ရေ+မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁-၁-၂၀၀၂)ရက်စွဲပါ "နှစ်ဦးသဘောတူ ကတိစာချုပ်"ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်နေထိုင်၍ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဂူလန်ဘာရော့(ခ)ဦးခင်မောင်ဝင်း[၁၂/မဂတ (နိုင်) ၀၄၁၁၄၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငုဝါထွန်း (LL.B,M.B.L, D.B.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၀/၁၃)**
**အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၂၃၁၃၈**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော ဦးကျော်မင်းထက် (ဘ) ဦးမြင့်အောင်[၁၄/မမက(နိုင်)၂၁၈၂၇၈] နှင့် ဒေါ်ရွှေကြည်(ဘ)ဦးစိုးမြင့်[၁၃/ညရန(နိုင်)၁၂၇၃၇၈]တို့သည် (၆-၁-၂၀၂၅)ရက်နေ့တွင် နှစ်ဖက်သော အသိသက်သေတို့၏ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပြီး "အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲခြင်း၊ ကွာရှင်းပြီးနောက် ပစ္စည်းခွဲဝေမှုနှင့် ကလေးအုပ်ထိန်းခွင့်ဆိုင်ရာ နှစ်ဦးသဘောတူကတိစာချုပ်" ကိုပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသဖြင့် ဦးကျော်မင်းထက်နှင့် ဒေါ်ရွှေကြည်တို့သည် ကွာရှင်းပြီးသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်းထက်နှင့် ဒေါ်ရွှေကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )**

**ဗိုလ်တထောင်ခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၃ နှင့် ဆက်နွယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၀။**

ဒေါ်အေးအေးမိုး (ခ)စန်းစန်းမြင့် နှင့် ၁။ ဦးစံသိန်း

၂။ ဒေါ်လှစိန်

ဒီကရီအနိုင်ရသူ တရားရှုံးများ

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/တောင်) ရပ်ကွက်၊ သလ္လာဝတီ (၇)လမ်း၊ အမှတ်(၉၂၉)နေ တရားရှုံးများဖြစ်သော (၁) ဦးစံသိန်း၊ (၂) ဒေါ်လှစိန် (လိပ်စာတူ အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ)** တို့ သိစေရမည်။

**၂၀၂၃** ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄၃ တွင်ကျရှိသည့် **ဒီကရီကို အတည်ပြုပေးစေလိုမှု** ဤရုံးတော်တွင် **တရားနိုင်**က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်၊ ( ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မိမိဝင်း )**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**၂၀၂၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၆၉၉**

ဒေါ်ရှာကီမာဘီ နှင့် ဦးခင်မောင်ဝင်း ပါ ၄

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

မွန်ပြည်နယ်တရားလွှတ်တော်၊ ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၉၅ ၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်စွဲပါ ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၁၀၉)၊ ၅ လွှာ နေ ( ယခုလိပ်စာမသိ) အမှတ် ၁ အယူခံတရားပြိုင် ဦးခင်မောင်ဝင်း သိစေရမည်။

ယခုအမှုတွင် မွန်ပြည်နယ်တရားလွှတ်တော်က ချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းမျိုးဌေး )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဇောတိက(၁)လမ်းနေ ဦးမောင်မောင်ဦး [၁၂/ဗတထ(နိုင်)၀၂၂၈၄၉] မှပိုင်ဆိုင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၁၄/အေ)၊ မြေကွက်အမှတ်(၄)၊ လှော်ကားရေပြွန်၊ ဘုရင့်နောင်လမ်းရှိ ဧရိယာ(၁.၃၆)ဧကအနက်($\frac{52'00''+10'.0''}{75'0''}$) x ($\frac{94'0''+87'.0''}{68'0''+22'.0''+90'.0''}$)ပေ၊ မြေအမျိုးအစား(ကင်းလွတ်မြေ) မြေကွက်နှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကာလတန်းဖိုးတစ်ရပ်ဖြင့် ရောင်းချရန် အဆိုပြုကမ်းလှမ်းရာတွင် ဦးအမ်တယ်လ်ပါးလ်[၁၂/တကန(ပြု)၀၀၀၄၅၄] မှ ဝယ်ယူရန် သဘောတူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဦးအမ်တယ်လ်ပါးလ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာဝင်း(LL.B,DBS)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၇၃/၂၀၁၉)**
**ရုံး-အမှတ်(၅၉၁)၊ ရတနာသီရိလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၉၆၅၅၅၅၉၈၉၊ ၀၉-၄၂၁၁၂၀၃၇၇**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ နီလာ(၆) လမ်း၊ အမှတ်(၄၉၇)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆-ထပ်) တိုက်၏ပဉ္စမထပ်၊ (၆-လွှာ)၊ (ခြေရင်းခန်း)ဖြစ်သော(တိုက်ခန်း)အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သင်းသင်းခိုင် [၁၂/ဥကမ(နိုင်)၀၁၆၁၀၆]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့် နေ့မှ(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့် တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အားပြီးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၁ နှင့် ၅ )**

**အင်းစိန်ခရိုင်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅**

ဒေါ်အေးအေးမိုး နှင့် ဦးမောင်မောင်

**( တရားလို )** **( တရားပြိုင် )**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဇုန်(၂)၊ ခရေလမ်း၊ အမှတ်(၁၄၆)နေ တရားပြိုင် ဦးမောင်မောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ( ၂၈ )ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်အမည်ပါသူသည် တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ( ၂၀ ) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( ခင်သူဟန် )**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်း (တောင်) ရပ်ကွက်၊ ပန်းချောင်လမ်း၊ အမှတ် (၃) မြေပေါ်ရှိ(၂) ခန်းတွဲ(၆) ထပ်တိုက်၏ စတုတ္ထထပ်၊ ၅-လွှာ (ခေါင်းရင်းခန်း)၊ အကျယ်(၁၂ $\frac{3}{2}$' x ၅၀')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကန်ထရိုက်တာ ဒေါ်ခင်သန်းနွဲ့ [၁၂/မရက(နိုင်)၀၁၈၅၇၇] မှ (၂၉-၄-၂၀၁၄) ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် (၆) ထပ်တိုက်၊ (၂) ခန်းတွဲတိုက်ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ မြေရှင်/ကန်ထရိုက်တာတို့ ချုပ်ဆိုသော နှစ်ဦးသဘောတူကတိစာချုပ်အရ ခံစားခွင့်ရရှိသောအခန်းဖြစ်ပြီး ၎င်းထံမှ (၂၃-၅-၂၀၁၉) ရက်စွဲပါ တိုက်ပိုင်ရှင်သို့ တိုက်ခန်း (ဝယ်ထားသူ) အပ်နှံခြင်းကတိစာချုပ်" အရ ဒေါ်အေးအေးအောင် [၁၂/စခန (နိုင်)၀၅၁၈၉၁]က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသောရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုဆိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများတကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမျိုးမင်းဟိန်း** — **အထက်တန်းရှေ့နေ (စဉ် - ၅၆၁၃၉)**
**ဦးကောင်းမြတ်ဇော်** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၄)၊ ရာဇာဓိရာဇ် (၂) လမ်း၊ မြေကွက်အမှတ် (၁၁၈၀) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀) ပေ × အနံ (၆၀) ပေမြေကွက်သည် ဒေါ်ငွေရီ အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ (မြေကွက်အမှတ် -၁၁၇၉ နှင့်ကပ်လျက်) အလျား×အနံ (၂၀×၆၀) ပေ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(အဆောက်အဦ)၊ ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မြင့်မြင့်ကြည် (၇/ပခန(နိုင်)၀၃၃၈၉၁) မှ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကြူကြူခိုင် (၁၄/လမန(နိုင်)၀၈၈၈၄၃) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၃. ၂. ၂၀၂၅) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူခိုင် (၁၄/လမန(နိုင်)၀၈၈၈၄၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၁/၁)၊ ပုဂံလမ်းမ၊ မြေကွက်အမှတ် (၆၆) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀) ပေ × အနံ (၆၀) ပေ ဒုတက ကြည်လှိုင်အမည်ပေါက် ပါမစ်မူရင်းမြေကွက်အနက်မှ ခြေရင်းဘက်ခြမ်း အလျား×အနံ (၂၀×၆၀) ပေ ပါမစ်မူရင်းမြေကွက်၊ ယင်းမြေကွက် ပေါ်ရှိ နေအိမ်(အဆောက်အဦ)၊ ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး နှင့် (၎င်းမြေကွက်အမှတ် - ၆၆ နှင့်ကပ်လျက်) မြေကွက်အမှတ် - (၆၅/၁) အကျယ်အဝန်း အလျား×အနံ (၄၀×၆၀) ပေ မြေကွက်နေအိမ်၊ ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မိုးသီတာ (၁၂/ဗဟန(နိုင်)၀၂၉၇၆၀) မှ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်း ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင်ချို (၁၂/လသန(နိုင်)၀၂၀၄၄၃) မှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီးဖြစ်၍ကန့်ကွက်ရန်ရှိပါက (၂၉. ၁. ၂၀၂၅) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးခင်မောင်ချို (၁၂/လသန(နိုင်)၀၂၀၄၄၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ မြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၃)၊ ဟံသာဝတီလမ်းမ၊ မြေကွက်အမှတ် (၅၉၅) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ × အနံ ၆၀ ပေ)၊ (၀. ၀၅၅) ဧက၊ (၂၄၀၀) စတုရန်းပေရှိ ဒေါ်နှင်းဝတ်ရည် (၁၂/ရကန(နိုင်)၀၅၇၁၇၇) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ မြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၃)၊ ဟံသာဝတီလမ်းမ၊ မြေကွက်အမှတ် (၅၉၆) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ × အနံ ၆၀ ပေ)၊ (၀. ၀၅၅) ဧက၊ (၂၄၀၀) စတုရန်းပေရှိ ဒေါ်သီတာချို (၁၂/ရကန(နိုင်)၀၁၆၆၁၇) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ မြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၃)၊ ဟံသာဝတီလမ်းမ၊ မြေကွက်အမှတ် (၅၉၇) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ × အနံ ၆၀ ပေ)၊ (၀. ၀၅၅) ဧက၊ (၂၄၀၀) စတုရန်းပေရှိ ဦးအောင်ကျော်မြင့် (၁၂/ရကန(နိုင်)၀၁၅၃၆၀) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံး။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ မြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၃)၊ ဟံသာဝတီလမ်းမ၊ မြေကွက်အမှတ် (၅၉၈) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ × အနံ ၆၀ ပေ)၊ (၀. ၀၅၅) ဧက၊ (၂၄၀၀) စတုရန်းပေရှိ ဦးအောင်ကျော်မြင့် (၁၂/ရကန(နိုင်)၀၁၅၃၆၀) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံး။

အထက်ဖော်ပြပါ အမှတ်စဉ် (၁) (၂) (၃) (၄) မြေကွက်များနှင့် အိမ်ခြံမြေကို အမည်ပေါက်ပိုင်ရှင်များမှ လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့် ရှိပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေများပေးချေ ထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၂၉. ၁. ၂၀၂၅) ရက်နေ့နောက်ဆုံး ထားပြီး ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ မြေကွက်များနှင့် အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)
အမှတ်(၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

